မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၄၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံ အကြီးအကဲထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံ အကြီးအကဲ ရှိတ် ဆာဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ် နာဆာ အယ်လ်မိုဟာမက် အယ်လ်အာမက် အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပမည့် သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ခင်းကျင်းပြင်ဆင်စီမံထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်

အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်၊ ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီက နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် မဟာရုံ၌ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

မြန်မာ့အလင်း
အယ်ဒီတာ့အာဘော်
(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်)

ဆည်ရေဖြင့် စိုက်ပျိုးထုတ်လုပ်ရေးတိုးမြှင့်ရန် ကြိုးပမ်း

ဒေသဖွံ့ဖြိုးရေး တိုင်းရင်းသားပြည်သူများ နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ ဗိုးချောင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက်နေ့က ယင်းရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဗိုးချောင်းရေလှောင်တမံသည် နိုင်ငံတော်က ရခိုင်ပြည်နယ်မှ ဒေသခံပြည်သူများအတွက် ခြောက်ခုမြောက်တည်ဆောက်ပေးသည့် တမံဖြစ်ပြီး တမံကို ၂၀၀၆ ခုနှစ် ဇူလိုင် ၁၅ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် ခြောက်သွေ့သည့်ဒေသ၌ ရေကိုလိုအပ်သလို ရယူသုံးစွဲနိုင်ခဲ့သည်။ တောင်သူဦးကြီးများအတွက် မိုးစပါးအပြင် ဆောင်းသီးနှံ နွေစပါးနှင့် အခြားသီးနှံများကို တိုးချဲ့စိုက်ပျိုးသွားနိုင်မည် ဖြစ်သည်။ ရေလှောင်တမံစီမံကိန်းနှင့် ရေရရှိရေးစီမံကိန်းများကြောင့် စိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေများ တိုးတက်ဖြစ်ပေါ်လာပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာသည့် အကျိုးရလဒ်ကြောင့် သဘာဝပတ်ဝန်းကျင်အနေအထားကို တိုးတက်ပြောင်းလဲ ဖြစ်ပေါ်စေခဲ့သည်။

ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေဝေရေလဲဒေသကို ထိန်းသိမ်းရန် လိုအပ်ပေရာ သစ်တောပြုစုပျိုးထောင်မှုလုပ်ငန်းများ၊ သစ်တောသစ်ပင် စိုက်ခင်းတည်ဆောက်ရေးလုပ်ငန်းများ၌ ဒေသခံပြည်သူများက ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ဆည်ရေဖြင့် အလင်းရအောင် လျှပ်စစ်ဓာတ်အားရရှိရမည်ဆိုသည့်ဆောင်ပုဒ်အရ အသေးစား လျှပ်စစ်ဓာတ်အားပေးစက်များ တပ်ဆင်ပြီး ကျေးရွာများတွင် လျှပ်စစ်မီးရရှိရန် ဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။

ဗိုးချောင်းရေလှောင်တမံ တည်ဆောက်လိုက်ခြင်းဖြင့် နွေစပါးဧက ၁၀၀၀ ကို ရေပေးနိုင်ရုံသာမက နှစ်သီးစားစိုက်ပျိုးနိုင်မည်ဖြစ်ပြီး ငရုတ်၊ နေကြာ၊ မုန်ညင်းစသော လယ်ယာကိုင်းကျွန်းများကိုပါ စိုက်ပျိုးနိုင်တော့မည် ဖြစ်သည်။

ဗိုးချောင်းရေလှောင်တမံသည် ဗိုးချောင်းပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး အလျားပေ ၈၄၀၊ အမြင့် ၁၁၅ပေရှိပြီး ရေဧက ပေ၇၅၃၀ သိုလှောင်နိုင်သည့် မြေသားတမံဖြစ်သည်။ ရေအားလျှပ်စစ်ကီလိုဝပ် ၈၀ပါ ထုတ်ပေးနိုင်သည့်တမံဖြစ်ကာ တပ်မတော်အစိုးရလက်ထက် ၂၁၉ခုမြောက် ရေလှောင်တမံအဖြစ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိသဖြင့် ဒေသခံပြည်သူများသည် နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပဲ့ထမ်းပါဝင်ကာ ပြည်ထောင်စုကြီးတစ်ခုလုံး တိုးတက်ရမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက် မိမိတို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၅-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၅။	၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု သင်ခန်းစာ (သင်္ချာ အပိုင်း-ခ)
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၂၄)
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြိုးမြတ်သူတို့နှလုံးသား** (အပိုင်း-၂၆)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၂၃)

ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေအား ဥရောပကော်မရှင်အဖွဲ့နှင့် အာရှနှင့်အမေရိကဒေသများဆိုင်ရာအဖွဲ့တို့ လာရောက်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ဥရောပကော်မရှင်မှ Directorate General (External Relations) Mr. Andreas List နှင့် အဖွဲ့သည် ယမန်နေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြို့ မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာအစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံ၍ ဥရောပကော်မရှင်မှ မြန်မာနိုင်ငံ လေဘေးသင့်ဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ဆွေးနွေး

ထို့အတူ ဝန်ကြီးအား Swiss Agency for Development and Cooperation (SDC) မှ အာရှနှင့် အမေရိကဒေသများဆိုင်ရာ Deputy Head Mr. Roland Schlachter နှင့် အဖွဲ့ကလည်း နံနက် ၁၀ နာရီတွင် လာရောက်တွေ့ဆုံပြီး SDC အဖွဲ့မှ ဆောင်ရွက်မည့် လေဘေးသင့်ဒေသအတွင်း စာသင်ကျောင်းများ (Storm-resistant Schools) ဆောက်လုပ်လှူဒါန်းရေးနှင့် ပတ်သက်သည်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စမ်းချောင်းမြို့နယ် အမက(၉) ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ငါးနှစ်ဆက်တိုက် ကျောင်းတက်ရက်မှန်ဆု ရရှိသူ စတုတ္ထတန်းမှ မခင်ရတနာသိမ့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးစန္ဒာအေးက ဆုချီးမြှင့်စဉ်။

(ပညာရေး)

ယာဉ်မတော်တဆမှုပပျောက်ရေး မုံရွာ၌ဆောင်ရွက်

မုံရွာ ဖေဖော်ဝါရီ ၂၄

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန စစ်ကိုင်းတိုင်း ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်သန်း ဦးဆောင်၍ စစ်ကိုင်းတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းကျော်ဖေ၊ စည်ပင်သာယာရေးအဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ(မုံရွာ)တို့ ပူးပေါင်းပါဝင်သော အဖွဲ့သည် ဖေဖော်ဝါရီ ၅ရက်နှင့် ၆ရက်များက မုံရွာမြို့ ခရီးသည်တင်ရပ်နားစခန်းဝင်းအတွင်းမှ ထွက်ခွာသည့် ယာဉ်များအား ယာဉ်ကြံ့ခိုင်မှုရှိမရှိ၊ သတ်မှတ်လိုင်စင် အထောက်အထားရှိမရှိ၊ မီးသတ်ဆေးဘူး တပ်ဆင်ထားခြင်းရှိမရှိ၊ ဂျိုင်းထိန်းသိမ်း ပါမပါတို့ကို ရှောင်တခင် စစ်ဆေးကြသည်။

စစ်ဆေးဆွေးနွေး

ထို့နောက် ယာဉ်မတော်တဆမှု ပပျောက်ရေးအတွက် စစ်ဆေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**မူလနှစ်ဖြာလင်္ကာရှင်း(၂)** တရားတော် (မဏိရတနာ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
၇း၅၀-၁း၅၀	Industrial Talk ဒေါက်တာအောင်သိန်း၊ ဦးတင်အောင်ရွှေ(သုတေသီ)
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	Activities in the City (မင်္ဂလာရွှေမောင်းရဲ့ သိန်း၁၀၀၀ဆုရှင်အား ဂုဏ်ပြုပွဲအခမ်းအနား)
၉း၀၀-၃း၀၀	အခိဋ္ဌာန်ပြုကာ ဆုခြွေမည် ဦးရာဇ်တော်စေတီ
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	Midweek Sports News
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	The Game Guide (Harry Potter)
၁၀း၄၅-၄း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀-၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅-၅း၀၅	MRTV-4 စာအုပ်စင်ကဏ္ဍ စာရေးဆရာဦးမြင့်အေး(ရူပဗေဒ)နှင့် တွေ့ဆုံခြင်း
၁၁း၃၀-၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅-၅း၃၅	မြန်မာပြည်ခရီးစဉ် (စစ်ကိုင်းတိုင်း မင်းကွန်းဒေသနှင့် မန္တလေးတိုင်း အမရပူရမြို့ ခရီးစဉ်)
၁၁း၅၅-၅း၅၅	ခါးနာရောဂါအကြောင်း သိကောင်းစရာ(အပိုင်း-၂) (ပါမောက္ခ ဒေါက်တာနေဝင်း)
၁၂း၃၅-၆း၃၅	Myanmar Video Rhythm
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions Leagues ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Real Madrid-Liverpool	ESPN (Live)
	Chelsa-Juventus	Star Sports (Live)

ရေမြောင်းများတူးဖော်

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သစ်တောရပ်ကွက်အတွင်း ဖေဖော်ဝါရီ ၂၂ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်း၍ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခြင်းအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် ခြင်ဆေးများမှုတ်ခြင်းကို ရပ်ကွက်အတွင်း ဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

● *ကျောဖုံးမှ*

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တည်ဆောက်လျက်ရှိနေသော ဓာတ်အားပေးစက်ရုံကြီးများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို သုံးစွဲသူပြည်သူများနှင့် စက်ရုံ အလုပ်ရုံကြီးများထံ အရောက်ပို့လွှတ်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများကို မိုင်ပေါင်းထောင်နှင့်ချီ၍ သွယ်တန်းခဲ့ရသကဲ့သို့ ဓာတ်အားခွဲရုံကြီးများကိုလည်း တည်ဆောက်ခဲ့ရသည်။

၁၉၈၈ခုနှစ် မတိုင်မီက နိုင်ငံတော်တွင် ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း ခုနစ်လိုင်း ၅၆၈ဒသမ၈၈မိုင်၊ ၁၃၀ကေဗွီ



စီမံကိန်းအကြောင်းကို ရှင်းပြနေသော ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)မှ စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီးဦးစောဝင်းမောင်။

မဟာဓာတ်အားလိုင်း ၁၂လိုင်း၊ ၇၁၆ ဒသမ၆၇မိုင်၊ ၆၆ကေဗွီ ဓာတ်အားလိုင်း ၂၃လိုင်း၊ ၄၈ဒသမ၂၃မိုင် စုစုပေါင်း ဓာတ်အားလိုင်း ၄၂လိုင်းနှင့် ဓာတ်အားခွဲရုံပေါင်း ၃၄ရုံသာရှိသည်။

သုံးဆတိုး

၁၉၈၈ခုနှစ် နောက်ပိုင်းမှ ၂၀၀၈ ခုနှစ် မတ်လအထိ တည်ဆောက်ပြီးစီးခဲ့သော ဓာတ်အားလိုင်း စုစုပေါင်းမှာ ၈၅လိုင်း ရှိလာပြီး ပင်မဓာတ်အားခွဲရုံပေါင်းမှာလည်း ၉၇ရုံအထိ ရှိနေပြီဖြစ်၍ ဓာတ်အားလိုင်းကဏ္ဍတွင် နှစ်ဆတိုး သွယ်တန်းထားရှိနိုင်ခဲ့ပြီး ဓာတ်အားခွဲရုံများမှာလည်း ယခင်ကရှိပြီး အရေအတွက်ထက် သုံးဆတိုးတည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။(ထိုစာရင်းမှာ၂၀၀၈ခုနှစ် မတ်လအထိသာဖြစ်ပြီး ၂၀၀၈ ခုနှစ် မတ်လနောက် တည်ဆောက်လျက်ရှိနေသော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများစာရင်း မပါသေးပါချေ။)

ကြိုးဆွဲလုပ်ငန်း

ထိုနေ့က ပဲခူးမြစ်အတွင်းမှ တာဝါတိုင်များကို လျှပ်စစ်ဓာတ် ကြိုးဆွဲလုပ်ငန်း ဆောင်ရွက်နေသည့် သာကေတတစ်ဖက်ကမ်းရှိ စီမံကိန်းလုပ်ငန်းယာယီရှင်းလင်းဆောင်သို့ နံနက်၁၀နာရီခန့်က ရောက်ရှိသွားရာ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ စီမံကိန်းအင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်ကို အသင့်တွေ့ရသည်။

ရည်ရွယ်ချက်

ထို့ကြောင့် ပဲခူးကမာနတ်မှ သန်လျင်၊ သန်လျင်မှ သာကေတ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပုံအဆင့်ဆင့်ကို မေးကြည့်ရာ ဦးစောဝင်းမောင်က ဒီစီမံကိန်းကြီး၏ ရည်ရွယ်ချက်မှာ မြန်မာပြည်မြောက်ပိုင်းမှ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည့် ဓာတ်အားပေးစက်ရုံကြီးများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ရန်ကုန်ပြည်သူများနှင့် စက်မှုဇုန်ကြီးများသို့ လျှပ်စစ်ဓာတ်အား ပိုမိုပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရည်ရွယ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်း ပဲခူး ကမာနတ်မှသန်လျင်၊

ပဲခူးမြစ်ဖြတ်ကျော် ဓာတ်အားကြိုးဆွဲလုပ်ငန်းခွင်တွင် မှန်ပြောင်းတစ်ဖက်၊ ဆက်သွယ်စက်တစ်ဖက်ဖြင့် အလုပ်များနေသော အင်ဂျင်နီယာမှူး ဦးသိန်းလွင်။

သန်လျင်မှ သာကေတ စုစုပေါင်း ၆၈ဒသမ ၃၇မိုင်ကို တာဝါတိုင် ၃၀၈ တိုင်ရှိကြောင်း၊ စီမံကိန်းတာဝါတိုင် တည်ဆောက်တပ်ဆင်လုပ်ငန်းကို ပြင်ပကုမ္ပဏီများအား လုပ်ငန်းအပ်နှံလုပ်ကိုင်ခဲ့ပြီး ကြိုးဆွဲလုပ်ငန်းကို ဓာတ်အားပို့လွှတ်ရေး (တောင်ပိုင်း)မှ ကျွမ်းကျင်သူအင်ဂျင်နီယာများက ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲခူးမြစ်အတွင်း တာဝါတိုင်တည်ဆောက်ခြင်း၊ ကြိုးဆွဲလုပ်ငန်း ဆောင်ရွက်ခြင်းလုပ်ငန်းကို အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း)မှ အင်ဂျင်နီယာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်နေပါကြောင်း။

စီစဉ်ထား

ယခုစီမံကိန်းကို ၂၀၀၈ ခုနှစ် ပထမလေးလပတ်အတွင်းက စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၉ခုနှစ် မတ်လအတွင်း အပြီးဆောင်ရွက်ပြီး ဓာတ်အားများပို့လွှတ်ပေးနိုင်ရန် စီစဉ်ထားကြောင်း ရှင်းပြသည်။

သန်လျင်ဘက်ခြမ်း

မိမိသည် စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်အား တွေ့ဆုံမေးမြန်းခဲ့ပြီးနောက် ပဲခူးမြစ်ကမ်းနားတွင် မှန်ပြောင်းတစ်ဖက်၊ ဆက်သွယ်ရေးစက် တစ်ဖက်ဖြင့် အလုပ်များနေသော သာကေတဘက်ကမ်း ကြိုးဆွဲလုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးသိန်းကိုတွေ့ဆုံခဲ့ရာ စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦစောဝင်းမောင်နှင့်အတူ သန်လျင်ဘက်ခြမ်း ကြိုးဆွဲလုပ်ငန်းကိုလေ့လာရန် မော်တော်ကားနှင့် ထွက်ခဲ့သည်။ ၎င်းသန်လျင်ဘက်ကမ်းတွင်လည်း အင်ဂျင်နီယာမှူး ဦးသန်းရွှေဦးဆောင်သော အင်ဂျင်နီယာ လျှပ်စစ်လုပ်သားကြီးများကို တွေ့ရပြီးမြစ်ကမ်းတွင်လည်း အင်ဂျင်နီယာမှူး ဦးဝင်းအောင်နှင့်အဖွဲ့က တာန်ယူ ဆောင်ရွက်နေကြောင်း သိရသည်။

စွန့်စွန့်စားစား

မိမိသည် ပဲခူးမြစ်ဖြတ် မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းခွင်မှ

ပဲခူးမြစ်ဖြတ်ကျော် ကြိုးဆွဲလုပ်ငန်းကို သန်လျင်ဘက်ကမ်းတွင် တာဝန်ယူ ဆောင်ရွက်နေသော အင်ဂျင်နီယာမှူး ဦးသန်းရွှေ။

တာဝါတိုင် ထိပ်ဖျားတက်၍ စွန့်စွန့်စားစား ဆောင်ရွက်နေပုံ တာဝါတိုင်တစ်တိုင်နှင့်တစ်တိုင်အကြား ဓာတ်ကြိုးများ အပေါ်ကောင်းကင်စက်ဘီးစီး၍ ဆောင်ရွက်နေကြသော လျှပ်စစ်လုပ်သားကြီးတို့၏ လုပ်အားကို အသည်းတယားယားနှင့် ကြည့်ရင်း မှတ်တမ်းတင် ဓာတ်ပုံများရိုက်ခဲ့ပါသည်။

အချုပ်အားဖြင့် တင်ပြရသော် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ဓာတ်အားပေးစနစ်ကို ရည်မှန်းချက်တာဝန် (၉)ချက်နှင့်အညီ ရှေ့သို့ချီတက်လျက်ရှိပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျားမိုးရွာဖွယ်ရာရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး၊ တနင်္သာရီတိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ လားရှိုးမြို့နှင့် နန့်စန်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ် စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၅ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

(၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

၂၀၀၉ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၇) ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၈နာရီတွင် အမှတ်(၇)တည်းခိုရေးစခန်း(ရွာတော်) စစ်ရေးပြကွင်း၌ကျင်းပရာ ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌွေးဝင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ(၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ (၆၄)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စစ်ရေးပြတပ်ရေး ဦးဆောင်သော ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များက စစ်ရေးပြကွင်းအတွင်း၌ နေရာယူကြပြီး စစ်ရေးပြမှူးထံ စစ်ရေးပြတပ်ရေးကတန်းအပ်သည်။

အလေးပြုခြင်းခံယူ

ဆက်လက်၍ တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌွေးဝင်းသည် အလေးပြုခံစင်မြင့်၌ နေရာယူပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များ၏ အလေးပြုခြင်းကိုခံယူကာ ပြိုင်ပွဲဝင် စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုသည်။

ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များမှ စစ်သည်များက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌွေးဝင်းက အမှာစကားပြောကြားသည်။

ပြန်လည်ထွက်ခွာ

ဆက်လက်၍ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်သည် ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များမှ စစ်သည်များ၏ အလေးပြုခြင်းကို ခံယူပြီး အလေးပြုခံစင်မြင့်မှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် နိုင်ငံတော်စစ်တီးဝိုင်းက သရုပ်ပြဖျော်ဖြေပြီး တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်လှဌွေးဝင်း**(အပေါ်ပုံ)**က ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပါဝင်ယှဉ်ပြိုင်

၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၇)ကြိမ်မြောက်တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့မှ မတ် ၄ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းအဖွဲ့ပေါင်း ၄၃ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ကူဝိတ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ရှိတ် ဒေါက်တာ မိုဟာမက် အယ်လ်ဆာဘား အယ်လ်ဆလမ် အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

*** ကျောဖုံးမှ**

ယခုရွေ့လျားနေသော ကြယ်တံခွန်ကို လုလင်ဟုအမည်ပေးထားပြီး ကမ္ဘာဂြိုဟ်မှ မိုင်ပေါင်း ၃၈ သန်းအကွာတွင် လှည့်ပတ်ရွေ့လျားနေသော ကြယ်တံခွန်တစ်ခုဖြစ်သည်။ လုလင်ကြယ်တံခွန်၏ အရွယ်အစားမှာ အရံဂြိုဟ်လထက်ကြီးမားသည်။

အဝန်းအဝိုင်း

လုလင်ကြယ်တံခွန်သည် အစိမ်းရောင်များယှက်သန်းနေပြီး ကြယ်တံခွန်အတွင်း၌ ကာဗွန်ဓာတ်ငွေ့များ ဖြစ်တည်နေကြောင်း တွေ့ရှိရသည်ဟုဆို၏။ လုလင်ကြယ်တံခွန်သည် နေစကြဝဠာအဖွဲ့အစည်းအတွင်း ကမ္ဘာဂြိုဟ်၏ အဝန်းအဝိုင်းအတွင်းသို့ ပထမဆုံးအကြိမ် ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

လုလင်ကြယ်တံခွန်၏ ရွေ့လျားမှုများကို နာဆာမှလွှတ်တင်ထားသော အာကာသဂြိုဟ်တုများမှ အနီးကပ်လေ့လာကာ လှုပ်ရှားပြောင်းလဲမှုများကို မပြတ်တမ်း ဓာတ်ပုံရိုက် မှတ်တမ်းတင်လျက်ရှိသည်။ ထိုသို့ မှတ်တမ်းတင်ရာတွင် အိတ်စ်ရေးရောင်ခြည်နှင့် အနီအောက်ရောင်ခြည်များကို အသုံးပြုခြင်းဖြစ်သည်။

အရောင်စုံလင်

ထို့အတူ လုလင်ကြယ်တံခွန်၏ ရွေ့လျားမှုလမ်းကြောင်းကို အမေရိကန်အာကာသသုတေသနပညာရှင်များက အာကာသအဏုကြည့်မှန်ပြောင်းကို အသုံးပြုကာ အချိန်ပြည့်စောင့်ကြည့်လျက်ရှိသည်။ လုလင်ကြယ်တံခွန်ကို အဏုကြည့်မှန်ပြောင်းဖြင့် လေ့လာကြည့်သည့်အခါအရောင်စုံလင်သောမြူနှင်းအလုံးကြီးတစ်ခုသဖွယ် တွေ့ရသည်။

ယင်းကြယ်တံခွန်ကို ယခင်က $C/2007\ N_3$ ဟု အမည်ပေးထားခဲ့သည်။ အဆိုပါ ကြယ်တံခွန်မှာ ၂၀၀၇ ခုနှစ်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး မူလစတင်တွေ့ရှိကတည်းက အလွန်လျင်မြန်သောနှုန်းဖြင့် ရွေ့လျားနေခြင်းဖြစ်သည်။

ယခုအခါ လုလင်ကြယ်တံခွန်မှာ ကမ္ဘာဂြိုဟ်အနီးသို့ တဖြည်းဖြည်းချဉ်းကပ်လာနေသော ကြယ်တံခွန်အဖြစ် တွေ့ရှိရသည်ဟု အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။ ။

(အင်တာနက်)

ငွေကျပ်၂၀၀တန် ထီဖွင့်ပွဲ မတ်၁ရက်၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

(၂၄၂)ကြိမ်မြောက် ငွေကျပ်၂၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မတ်၁ရက်တွင် နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီး ဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ လေးဆု၊ ငွေကျပ် သိန်း ၁၀၀ ၁၅ ဆု၊ ငွေကျပ် ၁၀ သိန်း ၃၇၅ဆု၊ ငွေကျပ် ငါးသိန်း သုံးဆု၊ ငွေကျပ် သုံးသိန်း ၁၆၂ ဆု၊ ငွေကျပ် နှစ်သိန်းဆု ၁၄၄၀၊ ငွေကျပ်တစ်သိန်း ၁၃၉၉၆ ဆု အပါအဝင် ဆုမဲပေါင်း ၁၅၉၉၉ ဆု ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မီး

အစဉ်သတိပြု

အပစ်အခတ်ရပ်စဲရန် အသင့်ရှိကြောင်း တမီးလ်ကျားသူပုန်များ ကုလသမဂ္ဂသို့ပြောကြား

ကိုလံဘို ဖေဖော်ဝါရီ ၂၄

အစိုးရတပ်များနှင့် အပစ်အခတ်ရပ်စဲရေးကို နိုင်ငံတကာတောင်းဆိုမှုအတိုင်း လိုက်လျောရန် အသင့်ရှိကြောင်း သီရိလင်္ကာနိုင်ငံမှ တမီးလ်ကျားသူပုန်တို့က ကုလသမဂ္ဂသို့ အကြောင်းကြားလိုက်သည်။

သို့သော် သီရိလင်္ကာအစိုးရ တောင်းဆိုသကဲ့သို့ ၄င်းတို့အနေဖြင့် လက်နက်ချမည် မဟုတ်ဟုလည်း တမီးလ်ကျားသူပုန်များက ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အနည်းငယ်က သီရိလင်္ကာအစိုးရတပ်များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ကျားသူပုန်တို့မှာ ၄င်းတို့ ထိန်းချုပ်ထားသည့် နယ်မြေအများစုမှ ဆုတ်ခွာခဲ့ကြရသည်။

(အင်တာနက်)

ထပ်မံပြောကြား

သူပုန်များအနေဖြင့် စေ့စပ်ရေးစားပွဲ မတက်ရောက်မီ ပထမဆုံး လက်နက်ချရမည်ဟု အစိုးရက ထပ်မံပြောကြားထားသည်။

ထောက်ပံ့ရေး အလုပ်သမားနှစ်ဦး ဒါဖာဒေသတွင် ပစ်သတ်ခံရ

ခါတွမ် ဖေဖော်ဝါရီ ၂၄

ဆူဒန်နိုင်ငံ ဒါဖါဒေသအတွင်း၌ ဆူဒန်နိုင်ငံသားထောက်ပံ့ရေး အလုပ်သမားနှစ်ဦးမှာ ချုံခိုတိုက်ခိုက်ခံရပြီး သေဆုံးသွားခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

လွတ်တင်

အစိုးရတပ်များနှင့် သူပုန်တို့ အကြီးအကျယ် တိုက်ပွဲဖြစ်ပွားသည့် ဒေသတွင် ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းက ယင်းသို့ဖြစ်ပွားခြင်းဖြစ်သည်။ ကုလားအုပ်များနှင့် မြင်းများစီးသည့် ဓားပြ ၂၀ ကျော်တို့က ထောက်ပံ့ရေးအလုပ်သမားနှစ်ဦးအား ပစ်သတ်လိုက်သည့် တစ်ချိန်တည်းမှာပင် အရပ်သားလေးဦး ဒဏ်ရာရရှိသွားသည်။

(အင်တာနက်)

သစ်ထုတ်လုပ်ငန်း

ရုရှားနိုင်ငံ အရှေ့မြောက်ပိုင်း ဆိုက်ဘေးရီးယားဒေသရှိ သစ်ထုတ်လုပ်ရေးလုပ်ငန်းခွင်ကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အပြည်ပြည်ဆိုင်ရာ သစ်ခွပန်းအလှပြပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လုံခြုံရေးခြိမ်းခြောက်မှု ပြန်လည်တုံ့ပြန်ရန် အိန္ဒိယအစိုးရ အသင့်ရှိနေဟုဆို

နယူးဒေလီ ဖေဖော်ဝါရီ ၂၄

ကုန်းလမ်းမှဖြစ်စေ၊ ရေကြောင်း သို့မဟုတ် လေကြောင်းမှဖြစ်စေ နိုင်ငံကိုထိပါးလာသော မည်သည့်ခြိမ်းခြောက်မှုမျိုးကိုမဆို တုံ့ပြန်ရန်အသင့်ရှိကြောင်း အိန္ဒိယအစိုးရက ဖေဖော်ဝါရီ ၂၂ ရက်တွင် ကြေညာသည်။

ခြိမ်းခြောက်

မိမိတို့နိုင်ငံကို ထိပါးလာသော မည်သည့် ခြိမ်းခြောက်မှုကိုမဆို ကိုင်တွယ်ဖြေရှင်းရန် မိမိတို့အပြည့်အဝပြင်ဆင်ထားကြောင်း၊ တာလီဘန်၊ အယ်လ်ခိုင်ဒါနှင့် ဂျိတ်အီးမိုဟာမက် ကဲ့သို့သော အကြမ်းဖက်အဖွဲ့အစည်းများက ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးများကို အကြမ်းဖက်ရန် မျိုးစေ့များဖြန့်ကြဲထားကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ ပီတီအိုင်**

အိန္ဒိယ၌ ရထားနှင့် ဂျစ်ကားတိုက်မိ ၁၂ ဦးသေဆုံး

ဘူဘန်နက်စဝါ ဖေဖော်ဝါရီ ၂၄

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဒေသတွင် မင်္ဂလာဆောင်အခမ်းအနားမှ ပြန်လာပြီး လူအပြည့်တင်ဆောင်လာသည့် ဂျစ်ကားတစ်စီးနှင့် ရထားတစ်စင်း ဖေဖော်ဝါရီ ၂၂ ရက်၌ တိုက်မိသဖြင့် သတို့သမီးအပါအဝင် ၁၂ ဦးသေဆုံးကြောင်း တာဝန်ရှိပုဂ္ဂိုလ် များနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

တိုက်မိ

ဩရိဿပြည်နယ်၏ မြို့တော် ဘူဘန်နက်စဝါမှ ကီလိုမီတာ ၃၈၀ ဝေးကွာသည့် ကာဂါးမြို့အနီးရှိ ရထားဖြတ်ကူးလမ်းတွင် အမြန်ရထားနှင့် ဖော်ပြပါဂျစ်ကားတို့ တိုက်မိခြင်းဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဒဏ်ရာရရှိ

ယင်းသို့ တိုက်မိသဖြင့် ၁၂ ဦး သေဆုံးပြီး ကလေးနှစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့မှ စစ်ဆေးရေးမှူးချုပ် ပရာဒိကာပူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အရှေ့ကမ်းခြေ မီးရထားဌာနမှ ပြောရေးဆိုခွင့်ရှိသူက ယင်းတိုက်ခိုက်မှုကြောင့် ရထားစီးခရီးသည်တစ်ဦးမျှ ဒဏ်ရာမရရှိဟု ရိုက်တာသို့ ပြောကြားသည်။

အမ်အင်န်အေ၊ ရိုက်တာ

ဂွမ်တာနာမို အကျဉ်းသားဟောင်း ဗြိတိန်သို့ ပြန်ရောက်လာ

ဂွမ်တာနာမို ဖေဖော်ဝါရီ ၂၄

ကျူးဘားရှိအမေရိကန် ဂွမ်တာနာမို အကျဉ်းစခန်း၌ လေးနှစ်ကျော်ကြာ ချုပ်နှောင်ခံခဲ့ရသူ ဗြိတိန်နိုင်ငံ၌ နေထိုင်သူ ဘင်ရမ်မိုဟာမက် အသက် (၃၀)မှာ ယခုအခါ၄င်းနိုင်ငံသို့ ပြန်လာပြီဖြစ်သည်ဟု ဆိုသည်။

နှိပ်စက်ညှဉ်းပန်း

အကြမ်းဖက်မှု ကျူးလွန်သည်ဟု သံသယရှိသူ မိုဟာမက်က အကျဉ်းချခံရစဉ်အတွင်း နှိပ်စက်ညှဉ်းပန်းခံရကြောင်း ပြောကြားသည်။

ရုပ်သိမ်း

၄င်းအပေါ် စွပ်စွဲချက်များကို ပြီးခဲ့သည့်နှစ်က ရုပ်သိမ်းလိုက်သည်။ ဗြိတိန်နိုင်ငံသို့ မည်သည့်အချိန် ပြန်ရောက်သည်ဆိုခြင်းကို ဗြိတိန်နိုင်ငံခြားရေးဌာနက အတည်ပြု ပြောကြားခြင်းမရှိသော်လည်း ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြန်လည်ရောက်ရှိခဲ့သည်ဟုဆိုသည်။

(အင်တာနက်)

ကိုင်ရို၌ ပေါက်ကွဲမှုဖြစ်ပွား၊ လေးဦးသေဆုံး

ကိုင်ရို ဖေဖော်ဝါရီ ၂၄

အီဂျစ်နိုင်ငံ၏ ကိုင်ရိုမြို့ရှိ လူဦးရေထူထပ်သည့် အယ်လ်ဟူစိန်ဒေသတွင် ဖေဖော်ဝါရီ ၂၃ ရက် ညနေက ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့သဖြင့် လေးဦးသေဆုံးပြီး အခြား ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

သေဆုံး

သေဆုံးသူများတွင် ပြင်သစ်နိုင်ငံသား နှစ်ဦးပါဝင်သည်ဟု အဆိုပါရဲတပ်ဖွဲ့က ပြောကြားသည်။ အေအက်ဖ်ပီ သတင်းဌာနကမူ ပြင်သစ်နိုင်ငံသားတစ်ဦးသာ သေဆုံးသည်ဟု ဖော်ပြသည်။

စုံစမ်းစစ်ဆေး

ရဲတပ်ဖွဲ့က အခင်းဖြစ်ပွားသည့်နေရာ၌ အသွားအလာ ယာယီပိတ်ထားသည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အထူးလုံခြုံရေးတပ်ဖွဲ့က ယင်းဒေသသို့ သွားရောက်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပေါက်ကွဲမှုဖြစ်ပွား

ကိုင်ရိုမြို့တော်၏ လူဦးရေထူထပ်သည့် အယ်လ်ဟူစိန်ဒေသတွင် အစောပိုင်းကာလ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ရှစ်ဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု နိုင်းလ်ရုပ်မြင်သံကြားဌာနက ကြေညာသည်။ အယ်လ်ဟူစိန်ဗလီ ရှေ့မျက်နှာစာတွင် ဗုံးပေါက်ကွဲခြင်းဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ အဝေးပြေးလမ်းမပေါ်၌ စားသုံးဆီသယ်ဆောင်လာသည့် ကုန်တင်ကားတစ်စီး မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို ဖေဖော်ဝါရီ ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

စီးပွားရေးကျပ်တည်းမှု ဖိလစ်ပိုင်အလုပ်သမား ၃၀၀၀၀ အလုပ်ပြုတ်

မနီလာ ဖေဖော်ဝါရီ ၂၄

ကမ္ဘာ့စီးပွားရေးအကျပ်အတည်း၏ တိုက်ရိုက်ထိခိုက်မှုတစ်ရပ်အဖြစ် ဖိလစ်ပိုင်နိုင်ငံမှ အလုပ်သမား ၃၀၀၀၀ ခန့်မှာ ငါးလအတွင်း အလုပ်ပြုတ်ခဲ့ကြကြောင်း ထိပ်တန်းအရာရှိတစ်ဦးက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

ဖော်ပြ

ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှ ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်အတွင်း ဖိလစ်ပိုင်အလုပ်သမား ၃၀၀၀၀ ခန့် အလုပ်ပြုတ်ခဲ့ကြခြင်းဖြစ်သည်ဟု အစိုးရ၏မှတ်တမ်းတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၂၂ရက် မွန်းလွဲပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ရခိုင်ချောင်(မြောက်) ကျေးရွာအုပ်စုရှိ တောင်သူဦးခင်မောင်ဌွေး၏ နွေစပါးစိုက်ခင်း၌ နွေစပါးများ စိုက်ပျိုးထားမှုနှင့် ဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှုတို့ကိုလည်းကောင်း၊ သမ္ဘန်ချောင်းကျေးရွာရှိ တောင်သူဦးကျော်နိုင်၏ စုပေါင်းနွေစပါးစိုက်ခင်း၌ နွေစပါးများ စိုက်ပျိုးထားမှုနှင့် ဓာတ်မြေဩဇာ စုပေါင်းကြဲပက်နေမှုတို့ကို **(အပေါ်ပုံ)**လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း ပူတာအိုဒေသဖွံ့ဖြိုးရေးကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းသည် ဖေဖော်ဝါရီ ၉ ရက် နံနက် ၇ နာရီခွဲက ပူတာအိုခရိုင် မချမ်းဘောမြို့နယ်ရှိ မလိခမြစ်ကူး ကောင်းမှုလုံ ဂျစ်ကားကူးကြိုးတံတား တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် တိုင်းမှူးသည် ပူတာအိုမြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ကချင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အထူးကုဆရာဝန်ကြီးများ၏ ဒေသခံပြည်သူများအား အခမဲ့ ဆေးကုသဆောင်ရွက်ပေးနေမှုများနှင့် ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်းနှင့် ခွဲစိတ်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရေဒီယိုဆက်သွယ်ရေးစခန်းကိုကြည့်ရှုစစ်ဆေးပြီး တပ်နယ်ခန်းမ၌ နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ စစ်သည်အိမ်ထောင်စုဝင် မိသားစုများအားတွေ့ဆုံ၍ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် မရမ်းကုန်းမြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သီပေါမြို့၌ ရေစက်နှင့် ရေစက်ရုံဖွင့်

သီပေါ ဖေဖော်ဝါရီ ၂၄

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ ရွှေကျောင်းရပ်ကွက် စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေကန်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ရက် နံနက် ၈နာရီက အဆိုပါ ရပ်ကွက်ရှိ စက်ရေတွင်း အဆောက်အအုံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်ဖွင့်ပွဲနှင့်ပတ်သက်၍ သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဝင်းအေးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လွှဲပြောင်း

ထို့နောက် စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်နှင့်ပတ်သက်သော အချက်အလက်မှတ်တမ်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်က စက်ရေတွင်းထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသို့ လွှဲပြောင်းပေးအပ်ပြီး အထိမ်းအမှတ်အလံများကို ပေးအပ်ကြောင်း သိရသည်။ (ဝ၂ဝ)

မိုးညှင်းမြို့မဈေး၌ မီးဘေးလုံခြုံရေး ကြိုတင်ဆောင်ရွက်

မိုးညှင်း ဖေဖော်ဝါရီ ၂၄

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ဖေဖော်ဝါရီ ၅ရက်က မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကြိုတင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်သော မြို့လယ်ချောင်း-ကိုင်းယားရှည် ကျေးလက်ဂဝံလမ်းအပိုင်း(၁)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် အမှုဆောင်အရာရှိ ဦးတင်မြင့်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဖေဖော်ဝါရီ၂၂ရက် နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးသည် နံနက်၇နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိလာရာ အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက တိုင်းနှင့်မြို့နယ်များအတွင်း ရောဂါဖြစ်ပွားမှု၊ ထိန်းချုပ်ထားနိုင်မှု၊ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု ၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေး

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ကျိုက်ပိုင်းဘုရားလမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများစုပေါင်း၍ ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင် ဆောင်ရွက်မှုလုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက်အသုံးပြု၍ Block Sprayစနစ်ဖြင့် ကွက်ပြည့်ခြင်ဆေးဖျန်းဆောင်ရွက်နေမှုများ၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျန်းမာရေးပညာပေး ဟောပြောနေမှုများ၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ခြင်ဆေးဖျန်း

ယင်းနောက် တိုင်းမှူးသည် မြောက်ဥက္ကလာပမြို့နယ် ဘုမ္မာ(၉)လမ်းနှင့် (၁၀)လမ်းတစ်လျှောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျန်းမာရေး ပညာပေးဟောပြောနေမှုများ၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ ဆေးစိမ်ခြင်ထောင်ဆောင်ရွက်မှု လုပ်ငန်းများ၊ ခြင်ဆေးဖျန်းစက် အသုံးပြု၍ Block Spray စနစ်ဖြင့် ကွက်ပြည့်ခြင်ဆေးဖျန်းနေမှု၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပူတာအိုခရိုင် မချမ်းဘောမြို့နယ်၌ မလိခမြစ်ကူး ကောင်းမှုလုံ ဂျစ်ကားကူးကြိုးတံတားတည်ဆောက်

ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံ ငါးထပ် ဆေးကုသဆောင်သစ် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ တည်ဆောက်ပြီးစီးသွားသည့် ငါးထပ်ဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲ၂နာရီက အဆိုပါ ဆေးကုသဆောင်သစ်ရှေ့၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်တင်ငွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ကျော်မြင့်တို့က အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အလှူရှင်များ ကိုယ်စား ဆေးရုံအုပ်ကြီးဒေါက်တာမောင်ဝင်းက ငါးထပ်ဆေးကုသဆောင်သစ် ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

မှတ်တမ်းပေးအပ်

ယင်းနောက် ဝန်ကြီး ဒေါက်တာ ကျော်မြင့်ထံ အလှူရှင်လေးဦးတို့က ငါးထပ်ဆေးကုသဆောင်သစ် တည်ဆောက်ခြင်းဆိုင်ရာ ကုန်ကျမှုမှတ်တမ်းများကို ပေးအပ်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မင်္ဂလာအချိန်တွင် ဝန်ကြီးဒေါက်တာကျော်မြင့်၊ မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် အလှူရှင်များကိုယ်စား အလှူရှင်ဦးကျော်ဆွေ (ဆုထူးပန်ကျောက်မျက်ရတနာကုမ္ပဏီ)တို့က ငါးထပ်ဆေးကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်တင်ငွေက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ကြည့်ရှုအားပေး

ဖွင့်ပွဲအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးနှင့်တာဝန်ရှိသူများ၊ အလှူရှင်များသည် ငါးထပ်ဆေးကုသဆောင်သစ်၌ မြန်မာနိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူသမ္မတနိုင်ငံ အရိုးအထူးကုဆရာဝန်ကြီးများ၏ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်အရ ဆောင်ရွက်နေသည့် ဖျားနာနှင့် နှလုံးရောဂါလူနာများစမ်းသပ်ကုသပေးနေမှု၊ ECG စက်ဖြင့် ရောဂါစမ်းသပ်နေမှု၊ စင်ကာပူ အရိုးအထူးကုဆရာဝန်ကြီးများ၏ ကုသပေးနေမှု၊ အထွေထွေဖျားနာရောဂါလူနာများအား စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဆေးကုမ္ပဏီများက အထူးကုဆရာဝန်ကြီးများ၏ အခမဲ့ဆေးကုသပေးမှုအတွက် လိုအပ်သောဆေးများလှူဒါန်းပံ့ပိုးနေမှု Ultrasound တီဗွီဓာတ်မှန်စက် အသုံးပြုလျက်ရောဂါရှာဖွေကုသပေးနေမှုနှင့် ဆေးပညာသင်ကြားရေး ခန်းမဆောင်ရှိ ဆီးချိုသွေးချိုရောဂါ ပညာပေးပြခန်း၊ ဆီးချိုသွေးချိုရောဂါ ပညာပေးဟောပြောပွဲနှင့် ဆီးချိုသွေးချိုရောဂါရှာဖွေဖော်ထုတ်စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါကုသပေးခြင်းများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ငါးထပ်ဆေးကုသဆောင်သစ်ကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၈ခုနှစ် အောက်တိုဘာ၂၂ရက်တွင်ပြီးစီးကာ ငွေကျပ်သန်း ၇၀၀ ကုန်ကျခဲ့သည်။

ယင်းငါးထပ်ဆေးကုသဆောင်သစ်၌ ဖျားနာကုသဆောင်၊ သီးသန့်ဆေးကုသဆောင်၊ ရင်ခေါင်းရောဂါဆေးကုသဆောင်၊ အသည်းရောဂါဆေးကုသဆောင်၊ ဆေးပညာသင်ကြားရေးခန်းမဆောင်များ ထားရှိသည်။

အခမဲ့ကုသပေး

လူနာများအား ငါးထပ်ဆေးကုသဆောင်သစ်၌ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ရက်အထိ အခမဲ့ဆေးကုသပေးခဲ့ရာ အထွေထွေရောဂါ လူနာ ၁၁၃၉ဦး၊ ခွဲစိတ်လူနာ၇၂၇ဦး၊ ဆီးချိုသွေးချိုရောဂါလူနာ၁၃၃၉ဦး၊ နှလုံးရောဂါလူနာ၅၂၃ဦး၊ အရိုးရောဂါ လူနာ၅၁၀ စုစုပေါင်းလူနာ၄၂၃၈ ဦးအား လက်ခံကုသပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း လူနာများအား အခမဲ့ ကုသပေးလျက်ရှိသည်။

အဆိုပါငါးထပ်ဆေးကုသဆောင်သစ်ကို အလှူရှင်များဖြစ်ကြသည့် ဦးကျော်ဆွေ-ဒေါ်ခင်ထွေးမိသားစု (ဆုထူးပန်ကျောက်မျက်ရတနာကုမ္ပဏီ)၊ (ဦးအေး)-ဒေါ်ခင်စုနှင့် သားသမီး မြေးမြစ်တစ်စု၊ ဒေါ်စန်း၊ ဦးမောင်မောင်ဆွေ၊ ဒေါ်ခင်ရီနှင့် ဒေါ်ခင်စီညွန့် မောင်နှမတစ်စု(မန္တလေး)နှင့် အဂ္ဂမဟာသီရိသုဓမ္မသီဂိဒေါ်ညိုညိုမိသားစု (ဒေါ်ထွေး ဂေါမုတ္တဆေးတိုက် မုံရွာမြို့) တို့က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် အလှူရှင်များကိုယ်စား အလှူရှင်ဦးကျော်ဆွေ (ဆုထူးပန်ကျောက်မျက်ရတနာကုမ္ပဏီ)တို့ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆေးကုသဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့မှ လက်ထောက်အင်ဂျင်နီယာ ဦးအောင်ဇော်ဦး၊ ပဲခူးတိုင်း (အနောက်ပိုင်း) ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ရင်ရင်မြ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ခံ ဒုတိယရဲမှူးမြတ်ဦးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့ ဖေဖော်ဝါရီ ၁၅ရက်က ပြည်မြို့ ခေတ္တရာ ယာဉ်ရပ်နားစခန်းမှ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ ထွက်ခွာမည့် ယာဉ်များကို ရှောင်တခင် စစ်ဆေးစဉ်။ (၀၅၇)

၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးမြင့်သိန်းဖေက အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရ စိန်မွှတ်တားအား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား မြန်မာရုပ်ရှင်အစည်းအရုံးက ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ချီးမြှင့်

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၀၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသည့် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရ စိန်မွှတ်တား၊ အကောင်းဆုံး ရုပ်ရှင်ဒါရိုက်တာဆုရမောင်ယဉ်အောင်၊အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုရ မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေး၊ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုရ ကျောက်ဖြူ(ပဒေသာ)၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ ရုပ်ရှင်သရုပ်ဆောင် မိုးဒီနှင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုရ ရုပ်ရှင်သရုပ်ဆောင်ကျော်ရဲအောင်တို့အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။

တည်ခင်းဧည့်ခံ

ထို့နောက် ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခံရသူများကိုယ်စား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီမိုးဒီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိကြသူများအားတစ်ဦးလျှင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကငွေကျပ်သုံးသိန်း၊ မင်္ဂလာရုပ်ရှင်ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် စူပါကော်ဖီမစ်တို့က ငွေကျပ်နှစ်သိန်းစီ စုစုပေါင်း ငွေကျပ်ခုနစ်သိန်းစီကို ချီးမြှင့်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပညာချွန်ဆုချီးမြှင့်

လှိုင်မြို့နယ် အမှတ်(၂၇) အခြေခံပညာမူလတန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ဘက်စုံပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြညွန့်က သူငယ်တန်းတွင် ပထမဆုရရှိသော မခိုင်ဆုဝေအား ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ဖေဖော်ဝါရီ ၂၀ရက်မှ ၂၂ ရက်အထိ အထွေထွေရောဂါလူနာ ၁၁၃၉ ဦး၊ ခွဲစိတ်လူနာ ၇၂၇ ဦး၊ ဆီးချိုသွေးချိုရောဂါလူနာ ၁၃၃၉ ဦး၊ နှလုံးရောဂါလူနာ ၅၂၃ ဦး၊ အရိုးရောဂါလူနာ ၅၁၀ စုစုပေါင်းလူနာ ၄၂၃၈ ဦးတို့အား အခမဲ့ဆေးကုသပေးခဲ့။

ပူတာအိုခရိုင်အတွင်း ဆီးနှင်းခဲများ ဖုံးလွှမ်းနေသော တောင်များကို ဤသို့ မြင်တွေ့ရသည်။ (မြန်မာ့အလင်း)

■ *ကျောဖုံးမှ*

ကချင်ပြည်နယ် ပူတာအိုခရိုင်ကား အမြဲတမ်း ဆီးနှင်းခဲများ ဖုံးလွှမ်းနေသော တောင်တန်းများရှိသည်ဖြစ်ရာ ဖြူဖွေးသည့် ဆီးနှင်းခဲများဖုံးလွှမ်းရာ တောင်ထိပ်များကို လှမ်းမြင်ရသည်မှာ မြန်မာ့သဘာဝ ရှုခင်းအလှကို ဖွင့်လှစ်ပြသနေသလိုပင်....။

လမ်းနှစ်လမ်း

ပူတာအိုမြို့ အရှေ့ဘက် မလိခမြစ်ကမ်းခြေအထိ အရောက်သွားရန် လမ်းနှစ်လမ်းရှိသည်။ တောင်ဘက်လမ်းနှင့် မြောက်ဘက်လမ်းတို့ဖြစ်ပြီး တောင်ဘက်လမ်းကား ခန္တီးလောင်းလွင်ပြင်ကြီးကို ဖြတ်ကာ မချမ်းဘောအထိ သွားသည့်လမ်းဖြစ်သည်။ ထိုလမ်းမှာ လမ်းကောင်းကာ မော်တော်ယာဉ်ဖြင့် သွားနိုင်သည်။

မြောက်ဘက်လမ်းကား ခန္တီးလောင်းလွင်ပြင်အစပ်ရှိ တောအုပ်ကို ဖြတ်ပြီး မလိခမြစ်ဘေးရှိ ခန်ကြူရွာနှင့် နမ့်ခမ်းရွာသို့ အရောက်သွားသည့် လမ်းဖြစ်သည်။ မိမိတို့အဖွဲ့မှာ မြောက်ဘက်လမ်းအတိုင်း ခရီးထွက်ခဲ့ကြခြင်းပင် ဖြစ်သည်။

ခန္တီးလောင်းလွင်ပြင်မှာ အလျားမိုင် ၂၀၊ အနံ ၁၂မိုင်ခန့် ရှိပြီး စုစုပေါင်း အကျယ်အဝန်းမှာ စတုရန်းမိုင် ၅၀၀ ခန့် ရှိသည်။ ဆောင်းအချိန် ဆီးနှင်းများ ဖုံးလွှမ်းသည်ဖြစ်ရာ ပတ်ဝန်းကျင် မြင်ကွင်းအနှံ့အပြား၌ ဖြူဖွေးနေသော ဆီးနှင်းခဲများကို မြင်တွေ့ရသည်။ ခပ်ပျပျ လှမ်းမြင်ရသော ဖုန်ကန်ရာဇီတောင်တန်းကြီးတွင်လည်း ဆီးနှင်းခဲများ ဖွေးဖွေးဖြူနေသည်။

တစ်မျှော်တစ်ခေါ်

လမ်းတစ်လျှောက် တောအုပ်များ ဖြတ်သန်းရသည်။ ဒေသခံများက “မိုက်ကော်”ဟု အမည်ပေးထားသည့် သစ်ပင်များကိုတွေ့ရှိရာ မိမိတို့ ပဲခူးရိုးမတွင် ပေါက်ရောက်လေ့ရှိသော အင်၊ ကညင်ပင်များနှင့် ပုံသဏ္ဍာန်တူနေသည်ကိုတွေ့ရသည်။ အပင်မြင့်ပြီး ပင်စည်ဖြောင့်တန်းသော သစ်ပင်များက တစ်မျှော်တစ်ခေါ်။

ဗင်ဒါသစ်ခွ

အရွက်ဖားဖားနှင့် လုံးပတ် ထွာဆိုင်ခန့်ရှိသော သစ်ပင်မြင့်များပေါ်၌ သစ်ခွပန်းအချို့ကို လှမ်းမြင်ရသည်။ အတူလိုက်ပါလာသော ဒေသခံများက ဗင်ဒါသစ်ခွမျိုးဟု ပြောကြသည်။ ဗင်ဒါသစ်ခွမျိုးကား ၁၁မျိုးခန့်ရှိသည်ဖြစ်ရာ မည်သည့် ဗင်ဒါသစ်ခွမျိုးဆိုသည်ကို ဒေသခံတို့ မခွဲခြားတတ်ကြချေ။

တောင်တန်းတစ်ခုကို ဖြတ်ကျော်စဉ် လမ်းဘေးပင်မြင့်၌ ပေါက်နေသော သစ်ခွပန်းတစ်မျိုးအား အသေအချာ လေ့လာကြည့်ရာ ဒင်ဒရိုဗီယမ်သစ်ခွမျိုးဖြစ်သည်။ ဤသစ်ခွမျိုးကား မြန်မာနိုင်ငံ၌ပင် အမျိုးအစားပေါင်း ၁၀၀ကျော်ရှိကြောင်း သိရသည်။ တိတ်ဆိတ်ငြိမ်သက်ပြီး ဆီးနှင်းခဲများ နေရာအနှံ့မြင်တွေ့နေရသည့် တောင်တန်းများပေါ်၌ သစ်ခွပန်းများ မြင်တွေ့ရသည်မှာ စိတ်ကြည်နူးဖွယ်ပင်။ မြန်မာ့မြေကား လှပသော သစ်ခွများကိုလည်း ဖူးပွင့်စေသည်မှာ ချစ်စရာပင်ဖြစ်သည်။

ကတိုးကောင်

ပူတာအိုမှ ထွက်ခွာခဲ့သည်မှာ ၁၀မိုင်ခန့် ခရီးရောက်ခဲ့ပြီဖြစ်သည်။ လမ်းခရီး၌ ကတိုးကောင်များနှင့် အခြားသတ္တဝါများကို တွေ့ရသည်။ အန္တရာယ်မပေးမှန်း သိ၍ အေးအေးလူလူပင် အစာစားလျက်ရှိနေရာ အနီးကပ်မခံသဖြင့် သေသေချာချာ လေ့လာခွင့် ဖြစ်ခဲ့သည်။ “ဒီသတ္တဝါတွေက ဖမ်းရတာ ခက်တယ်။ လူကိုတော့ အကပ်ခံပေမယ့် ဖမ်းဖို့ သိပ်တော့မလွယ်ဘူး၊ ရာသီဥတုက အေးတော့ သတ္တဝါတွေ ကျက်စားတာ နည်းပါတယ်။ ဒါ့အပြင် ထူးဆန်းတဲ့ သတ္တဝါတွေကို မြင်တွေ့ရတယ်” ဟု ဒေသခံတစ်ဦးက ပြောပြသည်။

မလိခမြစ်

ပူတာအိုမှ စတင်ထွက်ပြီး အချိန် ငါးနာရီခန့်အကြာ၌ တောအုပ်တစ်ခုလွန်သည်နှင့် မလိခမြစ်ကို တွေ့ရလေသည်။ မလိခမြစ်ကို မိမိတို့ မြင်တွေ့ရသည့်အပိုင်းမှာ မြစ်ပြင်ကျယ်သည် ကြည်လင်သော ရေစီးဆင်းနေရာ တောတောင်အတွင်း ကန္တာရစမ်းရေကို မြင်တွေ့ရသလိုပင် ရင်ထဲ အေးချမ်းသွားသည်။ ရေက ကြည်လင်ကာ တငြိမ့်ငြိမ့် စီးဆင်းနေသည့်အပြင် ရေအောက်မြစ် ကြမ်းပြင်၌ ကျောက်တုံးကလေးများကို မြင်တွေ့ရသည်။

မလိခမြစ်ကို ကျော်ဖြတ်ရမည်ဖြစ်ရာ သစ်လုံးထွင်း ကူးတို့လှေများ အသုံးပြုကာ ဖြတ်သန်းရသည်။ သစ်လုံးထွင်းလှေများဖြစ်၍ လူသိပ်မဆံ့သဖြင့် အကြိမ်ကြိမ် သယ်ပို့ပေးရသည်။ အားလုံး မြစ်တစ်ဖက်ကမ်းသို့ ရောက်ရှိသောအခါ မြစ်ကမ်းနံဘေးရှိ နမ့်ခမ်းရွာအတွင်း ဝင်ကြသည်။

စီးဆင်း

နမ့်ခမ်းရွာအတွင်း နားရန် စီစဉ်ထားသည်။နမ့်ခမ်းဟူသည်မှာ နမ့်ဆိုသည်မှာရေ၊ ခမ်းဆိုသည်မှာ ရွှေဖြစ်သဖြင့် နှစ်ခုပေါင်းလိုက်လျှင် ရွှေထွက်ရာ ရေဟု အဓိပ္ပာယ်ရသည်။ နမ့်ခမ်းရွာဘေးတွင် နမ့်ခမ်းချောင်းစီးဆင်းလျက်ရှိသည်။ ယင်း နမ့်ခမ်းချောင်းကား မလိခမြစ်အတွင်း စီးဝင်သော ချောင်းတစ်ခုပင်ဖြစ်သည်။

ရွှေကျင်သူများ

နမ့်ခမ်းရွာအနီး နမ့်ခမ်းချောင်းဘက် ထွက်ခဲ့ကြသည်။ ဤနမ့်ခမ်းချောင်းသည် ရွှေထွက်သည်ဟု နာမည်ကြီးသည်ဖြစ်ရာ ရွှေကျင်နေသူများကို တွေ့ရသည်။ သို့သော် နမ့်ခမ်းချောင်းသည် ရေခဲတမျှ အေးခဲလှသော ရေကြောင့် ချောင်းအတွင်း ရွှေကျင်သူများ ကြာကြာမဆင်းနေနိုင်။ ရေခဲတောင်များမှ စီးဆင်းလာသော ရေခဲရေများဖြစ်ရာ အလွန်အေးလှသည်။ စက္ကန့်ပိုင်းမျှ ရေထဲဆင်းကြည့်ရာ အေးလွန်းသဖြင့် အမြန်ပြန်တက်ခဲ့ရသည်။ ဒေသခံတိုင်းရင်းသားများကိုယ်တိုင် ရေထဲ ကြာကြာမနေနိုင်။ ရွှေထွက်သော်လည်း ရွှေကျင်ယူရန် ခက်ခဲသောအဖြစ်ပါပေ။

“တကယ်တော့ ဒီဒေသမှာ ဖြတ်သန်းစီးဆင်းနေတဲ့ မလိခမြစ်ရဲ့ မြစ်လက်တက်တွေဖြစ်တဲ့ နမ်းဆာဘွန်၊ နမ့်ပလတ်၊ နမ့်ထွန်း၊ နန့်ဖာလိတ်၊ နမ့်လန်စတဲ့ မြစ်လေးတွေမှာ အကုန် ရွှေကျင်လို့ရတဲ့ အနေအထားရှိပါတယ်။ ဒါပေမယ့် ရေခဲတမျှ အေးစက်နေတဲ့ ရေတွေကြောင့် ရွှေကျင်တာကို ထိထိရောက်ရောက် မလုပ်ဆောင်နိုင်ပါဘူး” ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ရှားပါးသစ်ခွ

နမ့်ခမ်းချောင်းကမ်းစပ်ကို အသေအချာလေ့လာကြည့်ရာ ရွှေရောင်ထွက်နေသော အရာဝတ္ထုများကို တွေ့ရသည်။ ရွှေမှုန်လေးများပင်ဖြစ်သည်။ နမ့်ခမ်းချောင်းတစ်လျှောက် ပတ်ဝန်းကျင်ရှုခင်းကား သာယာလှသည်။ ရေခဲဖုံး တောင်တန်းများ၊ ရှားပါး သစ်ခွပန်းများနှင့် ရွှေထွက်သော ဤဒေသကို ကမ္ဘာလှည့်ခရီးသွားများ အရောက်ခေါ်နိုင်လျှင် နိုင်ငံခြားဝင်ငွေ လမ်းဖြောင့်မည်ဟု တွေးမိရင်း ခေတ္တ စခန်းချမည့်နေရာသို့ ပြန်ခဲ့ကြသည်။

ဩော်... မြန်မာ့မြေအလှကား ပေါကြွယ်ဝလှပါဘိ။ ။

(မြန်မာ့အလင်း)



နမ့်ခမ်းရွာသို့သွားရာ လမ်းဘေးရှိ သစ်ပင်များပေါ်၌ တွေ့မြင်ရသော သစ်ခွပန်းများ။ (မြန်မာ့အလင်း)

ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (၁၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁၄ရက် (စနေနေ့) နံနက် ၉နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏလမ်းဆုံရှိ MCEA အသင်း ရုံးချုပ်ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးသို့ အလုပ်အမှုဆောင်များ၊ အသင်းဝင် ကုမ္ပဏီများ၊ အသင်းသားများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (၁၃၅)

မော်ဘီမြို့ အမှတ်(၁)ရပ်ကွက် (အနောက်ပိုင်း) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်တွင် ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြအုန်းက သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မခင်ရတနာနွယ်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

“ဒေါ်လာကယောက်ကယက် မြန်မာငွေတန်ဖိုးအတက်”၏ နောင်ဖြစ်လာမည့် မြန်မာ့စီးပွားရေးတွင် လုပ်ဆောင်သင့်သည်များနှင့်ပတ်သက်ပြီး ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်ကြီးများ၏ သုံးသပ်အကြံပြုချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ်(၉) ထွက်ရှိလာသည်။

ယင်းအပြင် အကျဉ်းသား ၆၃၁၃ဦး ပြစ်ဒဏ်ကျခံရခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ပေး၊ စိုက်ဆင်းလေပြင်းတိုက်ခတ်မည်ဆိုသည်မှာ မဟုတ်မှန်ဟု မိုး/ဇလညွှန်ချုပ်ငြင်းဆို၊ လေလံပွဲဆက်မှုကြောင့် ကားဈေးကွက်ငြိမ်၊ မော်လ်ဒိုက်တွင် ဟိုတယ်ဆောက်လုပ်ရေးအတွက် မြန်မာလုပ်သားများခေါ်၊ ကွမ်းခြံကုန်းတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ MES က ဆောက်လုပ်မည်၊ မြန်မာ-ထိုင်း ကုန်သည်များ တိုက်ရိုက်တွေ့ဆုံ၍ အပြန်အလှန်ကုန်သွယ်မှုမြှင့်တင်ရန် ကြိုးပမ်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **“ကမ္ဘာ့စီးပွားရေးအကျပ်အတည်းနှင့် ပြည်ပအလုပ်အကိုင်”**အကြောင်း **“မင်းမော်ကွန်းနှင့် တွေ့ဆုံခိုက် မေးမြန်းဖြစ်တာလေးတွေ”** ဖျော်ဖြေရေးသတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

လာမည့်နှစ် အမေရိကန်ပြည်ထောင်စု၏ ထက်မြက်သော စွမ်းအားစု အစီအစဉ်တွင် အင်ဒိုနီးရှားက အဓိက ကဏ္ဍမှပါဝင်၊ စီးပွားရေးအကျပ်အတည်းမှ ကျော်လွှားနိုင်မည့် နည်းလမ်းများရှာရန် ဂျီ-၇ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ် အုပ်ချုပ်ရေးမှူးများ တွေ့ဆုံ၊ ဂျပန်နိုင်ငံ လူဦးရေနှင့် ကျား/မတန်းတူရေး ဝန်ကြီးက မွေးဖွားနှုန်းကျဆင်းမှုကို တိုက်ဖျက်သည့်အနေဖြင့် ကလေးရယူ၊ ကွန်ပျူတာဂိမ်းနှင့် ရုပ်မြင်သံကြားက စိတ်ပိုင်းဆိုင်ရာချွတ်ယွင်းမှုဖြစ်ပွားစေရန် ကလေးများအား တွန်းပို့၊ မလေးရှားတွင် ကမ္ဘာကြီးပူနွေးလာမှုတိုက်ဖျက်ရေး မလိုအပ်သည့် မီးများကို တစ်နာရီပိတ်ရန် တိုက်တွန်း၊ လွန်ခဲ့သော နှစ်ပေါင်း၃၀၀၀က သေဆုံးသွားသော ဘာသာရေးအဆိုတော် အမျိုးသမီး၏ မံမီရုပ်လောင်း ထုတ်ဖော်ပြသ၊ **“ဇနီးမောင်နှံ ချစ်ကြည်နူးနေစဉ် အခြားအမျိုးသားတစ်ဦး၏ အမည်ကို အော်ခေါ်မိသော ဇနီးသည်အား ခင်ပွန်းသည်က လည်ပင်းညှစ်သတ်” မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ “ပြောရဦးမယ် သူတို့က ဒီလိုတဲ့”** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၂-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အတီးပြိုင်ပွဲ
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၁၀ ၇။ **မြို့ကြီးသားယဉ်ကျေးမှု** လျှမ်းထက်၊ ဖိုးချစ်၊ ပုလဲဝင်း၊ နန်းဆုရတီစိုး၊ စုချစ်ဇော် (ဒါရိုက်တာ-ဇော်လူထက်)
- ၈း၂၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ သီချင်းကြီးပဒေသာ
- ၄း၃၀ ၄။ လက်ဆင့်ကမ်းဝေ ဂီတအမွေ
- ၄း၄၀ ၅။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သင်္ချာဘာသာရပ်) (အပိုင်း-ခ)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၁၀ ၇။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
- ၅း၂၀ ၈။ **မပြောမပြီး မတီးမမြည်** နေရဲလင်း၊ မောင်မောင်မြင့်၊ ခင်မောင်စိုးတင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်၊ စိုင်းခန့်စိုးလင်း (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၅း၄၀ ၉။ တေးဂီတအစီအစဉ်
- ၅း၅၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၅၀ ၁၄။ မူဟန်သွယ်သွယ်ဆိုကြမယ်
- ၇း၀၀ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၂၀ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၁)
- ၂၁။ **သာယာရွှေပြည်တို့နေပြည်** ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ ဇင်ဇင်ဇော်မြင့်၊ မေ့စ်၊ ဗေလုဝ၊ ရှက်တယ် (ဒါရိုက်တာ-စင်ရော်မောင်မောင်)

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

25-2 (07).pmd 1 2/25/2009, 1:45 AM

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားများလှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားများလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် အဆိုပါစေတီတော်ကုန်းတော်ရှိ မွှာရုံ၌ ကျင်းပသည်။

ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး နေပြည်တော်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားများလှူဒါန်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးကော်မတီဝင်များ၊တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရွှေပြားများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်သားများ လှူဒါန်းသော ရွှေစင်ရွှေပြားများအား တပ်မတော်သားများ ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် ဗိုလ်ချုပ်ခင်မောင်ထွန်းတို့က လည်းကောင်း၊ ဥပ္ပါတသန္တိ စေတီတော် ရွှေသင်္ကန်းကပ်လှူရန် Rising Sun Co.,Ltd. မှChairman ဦးစိန်သောင်းဦးက One K Gold ရွှေဆေး ၁၅၁၂ ဂါလန်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဇနီး ဒေါ်ဆွေဆွေဦးနှင့် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်မိသားစုများ၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဇနီး ဒေါ်နီနီဝင်းမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီ သားသမီးမြေးများနှင့် ဝန်ထမ်းမိသားစုများ၊ အမှတ်(၂)စက်မှု ဝန်ကြီးဌာန ဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ဇနီး ဒေါ်ကြူကြူဝင်းမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဇနီးဒေါ်တင်တင်လတ်မိသားစုနှင့်ဝန်ထမ်းမိသားစုများ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဇနီး ဒေါ်ဝင်းဝင်းနု မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ ဇနီး ဒေါ်မေကြည်စိန်မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဇနီး ဒေါ်စန်းစန်း မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ဇနီး ဒေါ်အေးအေးမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဇနီး ဒေါ်ညွန့်ညွန့်ဦးတို့အား အမှူးထား၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ်နှင့် ဦးစီးဌာနများရှိ မိသားစုများ၊ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဇနီး ဒေါ်ခင်မိမိ မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဇနီး ဒေါ်ဝင်းဝင်းနု မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဇနီး ဒေါ်တင်တင်နွဲ့ မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဇနီး ဒေါ်ကျင်ခိုင် မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဇနီး ဒေါ်မြသိဂီမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဇနီးဒေါ်မူမူဝင်း မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဇနီး ဒေါ်မြင့်မြင့်အေး မိသားစုနှင့် ဝန်ထမ်း မိသားစုများ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ဇနီး ဒေါ်ဝေဝေသာ မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဇနီး ဒေါ်အေးအေးထွန်း မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဇနီး ဒေါ်တင်တင်ညွန့်တို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဇနီးဒေါ်ခင်ပြုံး သားသမီးမြေးမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်၊ ဇနီး ဒေါ်သက်သက်ဆွေမိသားစုနှင့် ဝန်ထမ်း မိသားစုများ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဇနီး(ဒေါ်အေးကြည်) သားသမီးမြေးတစ်စုနှင့် ဝန်ထမ်းမိသားစုများ၊ ရှေ့နေချုပ်ဦးအေးမောင်၊ ဇနီး ဒေါ်ခင်မြမြမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းမိသားစုများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်မိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဇနီးဒေါ်မိုးသီတာမိသားစုနှင့် ဝန်ထမ်းမိသားစုများ၊ ကျေးဇူးရှင်မိဘများဖြစ်ကြသော ဦးခင်မောင်မောင် (ဒုတိယဝန်ကြီး၊ ငြိမ်း၊ အမှတ်-၁၊ စက်မှုဝန်ကြီးဌာန) နှင့် သီဟသုဓမ္မသင်္ဂီ အဂ္ဂမဟာ သီရိသုဓမ္မသင်္ဂီ ဒေါ်မိမိခင် (လူမှုထူးချွန်ပထမဆင့်)တို့အား ဦးထိပ်ထား၍ ဦးလှမြင့်၊ ဦးသန့်ဇင်၊ ဦးသစ်ဦး-ဒေါ်လင်းစန္ဒာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ဝန်ထမ်းမိသားစုများ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ဝန်ထမ်းမိသားစုများ၊ မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အသင်းသူ အသင်းသားများ၊ ကာကွယ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် မောင်မောင်အုန်း၊ ဇနီး ဒေါ်ခင်ဆွေဝင်း မိသားစုနှင့် အရာရှိ စစ်သည် မိသားစုများ၊ ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းမြ မိသားစုနှင့် အရာရှိ အရာခံ စစ်သည် မိသားစုများ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ဇနီး ဒေါ်စိုးဝတ်ရည်မိသားစု၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဇနီး ဒေါ်အေးအေးမြင့် မိသားစု၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် ဇနီးဒေါ်ခင်မာမိသားစု၊ ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်မိသားစု၊ ဒုတိယ ရှေ့နေချုပ် ဦးမြင့်နိုင်နှင့် ဇနီး ဒေါ်တင်ဌေးလှိုင် မိသားစု၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဇနီး ဒေါ်တင်တင်ဝင်း မိသားစု၊ တရားရုံးချုပ် တရားသူကြီး ဦးစန်းတင့်ရီနှင့် ဇနီးဒေါ်ချိုချိုဆက် မိသားစု၊ တရားရုံးချုပ် (မန္တလေး) တရားရုံးချုပ် တရားသူကြီး ဦးမြင့်အောင်နှင့်ဇနီးဒေါ်လှလှသန်း မိသားစု၊ တရားရုံးချုပ် တရားသူကြီး ဦးစိန်လှိုင်နှင့် ဇနီး ဒေါ်မြင့်ကြည် မိသားစု၊ တရားရုံးချုပ် တရားသူကြီး ဦးသက်ထွန်းနှင့် ဇနီး အကယ်ဒမီ ဒေါ်တင်တင်နွဲ့ မိသားစု၊ တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်းနှင့် ဇနီး ဒေါ်လှလှကျော် မိသားစု၊ တရားရုံးချုပ် တရားသူကြီး ဒေါက်တာ တင်အောင်အေးနှင့် ဇနီး ဒေါ်ခင်ဝင်း သားသမီးမြေးတစ်စု၊ တရားရုံးချုပ် တရားသူကြီး ဦးတင်အေးနှင့် ဇနီး ဒေါ်စိုးခင်အေး မိသားစု၊ တရားရုံးချုပ် တရားသူကြီး ဦးဟန်ရှိန်နှင့် ဇနီး အဂ္ဂမဟာ သီရိသုဓမ္မသင်္ဂီ သီရိသုဓမ္မသင်္ဂီ သီဟသုဓမ္မသင်္ဂီ ဒေါ်မြမြလေး မိသားစု၊ တရားရုံးချုပ်တရားသူကြီး ဦးချစ်လွင်နှင့် ဇနီး ဒေါ်လေးမြင့် မိသားစု၊ တရားရုံးချုပ်တရားသူကြီး ဦးမြင့်သိန်းနှင့် မိသားစု၊ တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်နှင့် ဇနီး ဒေါ်အေးခိုင် သားသမီးမြေးတစ်စု၊ ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဇနီးဒေါ်တင်မြတ်သူ မိသားစု၊ သံအမတ်ကြီး ဦးအုန်းသွင်နှင့် ဇနီး ဒေါ်စမ်းစမ်းနွယ်သားသမီးမြေးတစ်စု၊ မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ ဇနီး ဒေါ်ခင်ဝင်းနှင့် ဝန်ထမ်းမိသားစုများ၊ ဒုတိယဗိုလ်မှူးကြီးညွန့်ရွှေနှင့် ဇနီးဒေါ်အေးအေးမြင့် မိသားစုတို့က ရွှေစင်ရွှေပြားများကိုလည်းကောင်း၊ ဦးသန်းစိန်နှင့် ဇနီးဒေါ်ရန်တို့အား အမှူးထား၍ သား ကိုဇော်ဝင်းရှိန်၊ ဧရာဟသ်ာကုမ္ပဏီမိသားစုကသုံးကျပ်သားရွှေပြား ၃၁ချပ်၊ စည်ပင်သာယာရေး ဦးစီးဌာနမှ ဗိုလ်မှူးကိုကိုနိုင်(ငြိမ်း) နှင့်ဇနီး ဒေါက်တာခင်ဆွေဦး (ကလေးအထူးကုဆရာဝန်ကြီး) မိသားစုက တစ်ကျပ်သားရွှေပြားတစ်ချပ်၊ဦးတောင်ကြားနှင့် ဇနီး ဒေါ်ခင်ရွှေမိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဂီတစာဆို အကောက်ခွန် သန်းနွဲ့အား ရည်စူး၍ သမီး မခိုင်မာအေး မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ထားဝယ်မြို့နေ ဦးသန်းဝင်းနှင့် ဇနီး ဒေါ်မြမြဝင်း မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊မိခင်ကြီး ဒေါ်လှကြွေနှင့် သမီး ဒေါ်ခင်ညို မိသားစု မြောင်းမြမြို့က တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ဦးဌေးမြင့်နှင့် ဇနီး ဒေါ်ယဉ်ယဉ်နု သားသမီးမြေးတစ်စုက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ ဖခင် ဦးမောင်မောင်ကြီးအား ရည်စူး၍ နေပြည်တော် ပျဉ်းမနားနေ ဒေါ်ကြူကြူလှ၊ သမီး မချိုချိုဆွေ မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ မိဘများအား အမှူးထား၍ ကိုစည်သူအေးအောင် Asia Hi-Tech ဆောက်လုပ်ရေး ကုမ္ပဏီက တစ်ကျပ်သားရွှေပြားအချပ်၂၀၊ ကိုနေအောင်နှင့် မချိုချိုဦး၊ ကိုမင်းသိန်း-မသီတာဝင်း၊ကိုမင်းသူ၊မမေသူနွယ်-ကိုနိုင်ထွန်းဦး မိသားစုကသုံးကျပ်သား ရွှေပြားတစ်ချပ်၊ ပဲခူးတိုင်း ခရိုင်၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနများက တစ်ကျပ်သားရွှေပြားတစ်ချပ်၊ မိဘနှစ်ပါးအား ရည်စူး၍ နေပြည်တော် ပျဉ်းမနားနေ ဒေါ်နမိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်တင်မမထွန်း၊ နမဒေါ်ခင်ညိုညိုလှိုင်မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်တို့ကို လည်းကောင်းလှူဒါန်းကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဝန်ကြီးများက လက်ခံ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးထံ တပ်မတော်သားများ လှူဒါန်းသောရွှေစင်ရွှေပြားများအား တပ်မတော်သားများကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးကော်မတီ ဥက္ကဋ္ဌဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က စေတီတော်ကြီးအတွက် နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် လယ်ဝေးနှင့် နေပြည်တော် တပ်ကုန်းမြို့နယ်များမှ ရတနာပစ္စည်း၄၈မျိုး၊ဥပ္ပါတသန္တိစေတီတော်မြတ်၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်တွင် ရင်ငွေ့ခိုလှုံ အပူဇော်ခံစဉ် ရတနာပစ္စည်း၆၅မျိုး၊ အလှူငွေ ၁၄၉၁၃၉၇၂ ကျပ်ရရှိမှုနှင့် မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီးတွင် ရင်ငွေ့ခိုလှုံအပူဇော်ခံစဉ်ရတနာပစ္စည်း အထုပ်၂၅၀နှင့် အလှူငွေ ၉၂၁၁၃၉၈၈ ကျပ်ရရှိမှုကိုလည်းကောင်း၊ မြို့နယ် အသီးသီးမှ ပေးပို့လှူဒါန်းထားသော ဆင်းတုတော်၊ဓာတ်တော်မွေတော်များ၊ ရွှေစင်၁၅ပိဿာနှင့်ရွှေစင်ရွှေပြားများအတွက် စုစုပေါင်း အလှူငွေရရှိမှုများကိုလည်းကောင်းရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

ယနေ့အခမ်းအနားသို့ မြို့နယ်အသီးသီးမှ စေတနာအလှူရှင် ၁၃၁ဦးက ရွှေစင်များ၊ သုံးကျပ်သား ရွှေပြား ၄၃၂ချပ်၊ တစ်ကျပ်သား ရွှေပြားအချပ် ၉၀၊ ရွှေဆေးသင်္ကန်း ၁၅၁၂ဂါလန်နှင့် ပန်းလည်တိုင်တစ်ခုတို့ကို လှူဒါန်းခဲ့ကြောင်းသိရသည်။

တင်လှူမည်

ဥပ္ပါတသန္တိ စေတီတော်တွင် တင်လှူပူဇော်မည့် ထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့၌ ရတနာများ ထည့်ဝင်လှူဒါန်းလိုပါက လှူဒါန်းနိုင်ရန် ရင်ပြင်တော်တွင် အပူဇော်ခံထားရှိကြောင်းနှင့် စေတီတော်ကြီး၏ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ တင်လှူပြီးပါကလည်း အဆိုပါ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ၌ ရတနာများကို တင်လှူပေးမည်ဖြစ်သည်။

ဥပ္ပါတသန္တိ စေတီတော်တွင် ရွှေပြားနှင့် ရွှေပါးလွှာများ၊ ရွှေစင်များကို ပွဲတော်ကာလအတွင်းနှင့် ပွဲတော်ကာလအပြီးတွင်လည်း ဆက်လက်လှူဒါန်းနိုင်ရန် အလှူခံဌာန ဆက်လက်ဖွင့်လှစ်ထားကြောင်း သိရသည်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားရာ၌ မဟာမင်္ဂလာအခမ်းအနားများတွင် ဆောင်ရွက်ကြမည့် သက်ဆိုင်ရာ ကော်မတီများအနေဖြင့် မိမိတို့လုပ်ငန်းများအလိုက် ချို့ယွင်းချက် မဖြစ်အောင် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်၊ အထူးသဖြင့် ဆရာတော်များ သီတင်းသုံးနိုင်ရေးအတွက် နေရာချထားရေးအဖွဲ့များက အလေးထားဆောင်ရွက်ရန်၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ယခုကျင်းပမည့် သာသနာရေးဆိုင်ရာ အခမ်းအနားများသည် နေပြည်တော်၌ ပထမဦးဆုံး ကျင်းပဆောင်ရွက်ခြင်းဖြစ်၍ ဝန်ကြီးဌာနများနှင့် ကော်မတီ အသီးသီးတို့အနေဖြင့် ဝိုင်းဝန်းညှိနှိုင်း ကူညီဆောင်ရွက်ကြရန်၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်း စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာ ကော်မတီအသီးသီးနှင့် ဝန်ကြီးဌာနများမှ ဆောင်ရွက်မှုအခြေအနေနှင့်လိုအပ်သည်များ ဝိုင်းဝန်းအကြံဉာဏ်ပေးညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားသည်။

ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာ အခမ်းအနားကျင်းပမည့် သာသနာ့ ဗိမာန်တော်ကြီး အတွင်း၌ ခင်းကျင်းပြင်ဆင် စီမံထားရှိမှုများကို တွေ့ရစဉ်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပမည့် သာသနာ့ဗိမာန်တော်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် စေတီတော်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးက စေတီတော်တွင် ကျင်းပမည့် မဟာမင်္ဂလာအခမ်းအနားများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဆပ်ကော်မတီ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သာသနာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က သံဃာတော်များ သီတင်းသုံး တည်းခိုနေထိုင်ရေးနှင့် နေ့စဉ် ဆွမ်းဆက်ကပ်လှူဒါန်းရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ကြည့်ချင်ပွဲများဖြင့် ဖျော်ဖြေရေးဆပ်ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ကျန်းမာရေးဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းက ဘွဲ့ခံဆရာတော်များအား တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်မိသားစုများက ဆွမ်းကပ်လှူဒါန်းခြင်း အခမ်းအနားနှင့်စပ်လျဉ်းသည်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပရေးနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းညှိနှိုင်း ဆွေးနွေးကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ညှိနှိုင်းအစည်းအဝေးအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာ အခမ်းအနားကျင်းပမည့် သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ခင်းကျင်းပြင်ဆင် စီမံထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးတို့က လိုက်လံပြသ ရှင်းလင်းတင်ပြကြပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း မင်္ဂလာ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဆွမ်းဆက်ကပ် လှူဒါန်းခြင်း အခမ်းအနားကို ကောဇာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းလဆန်း ၁၁ရက် (၆-၃-၂၀၀၉ရက်)တွင်လည်းကောင်း၊ ဥပ္ပါတသန္တိစေတီတော် အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို တပေါင်းလဆန်း ၁၂ရက်(၇-၃-၂၀၀၉ရက်)တွင်လည်းကောင်း၊ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင် မဟာမင်္ဂလာအခမ်းအနားကို တပေါင်းလဆန်း ၁၃ရက်(၈-၃-၂၀၀၉ရက်)တွင် လည်းကောင်း၊ မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို တပေါင်းလဆန်း ၁၄ရက်(၉-၃-၂၀၀၉ရက်)တွင်လည်းကောင်း၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း မင်္ဂလာ အခမ်းအနားကို တပေါင်းလပြည့်နေ့ (၁၀-၃-၂၀၀၉ရက်)တွင်လည်းကောင်း အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။

ပင့်လျှောက်ထား

အဆိုပါ မဟာမင်္ဂလာ အခမ်းအနားများသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိပိဋက ဆရာတော်များ၊ ဘွဲ့တံဆိပ်တော် အလှူခံတော်မူကြမည့် ဆရာတော် သံဃာတော်များအား ပင့်လျှောက်ထားပြီးဖြစ်သည်။

ဥပ္ပါတသန္တိစေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့တွင် ရတနာပစ္စည်းများ တပ်ဆင်လှူဒါန်းလိုသူ အလှူရှင်များအတွက် စေတီတော်၌ သီးသန့် အလှူခံဌာန ဖွင့်လှစ်ထားရှိသည်။ ပွဲတော်အပြီးကာလများတွင်လည်း ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင် ရတနာပစ္စည်းများ တပ်ဆင်လှူဒါန်းလိုပါက လာရောက်လှူဒါန်းနိုင်ကြပြီး ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင် တပ်ဆင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

တင်ဆက်ဖျော်ဖြေမည်

ဥပ္ပါတသန္တိစေတီတော်၏ မဟာမင်္ဂလာ အခမ်းအနားများကျင်းပမည့် ဘုရားပွဲတော်ကာလနှင့် ပွဲတော်အကြိုကာလဖြစ်သည့် ဖေဖော်ဝါရီ၂၈ရက်မှ မတ်၉ရက်အထိ ကြည့်ချင်ပွဲများဖြစ်သည့် အာဇာနည်စန်းစန်းဆပ်ကပ်၊ နန်းအငြိမ့်၊ သစ်လွင်အငြိမ့်၊ မိုးမင်းဇာတ်သဘင်နှင့် ဖိုးချစ်ဇာတ်သဘင်များဖြင့်လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ မြန်မာ့ရုပ်ရှင်ဇာတ်ကားများနှင့် မော်ကွန်းရုပ်ရှင်များဖြင့်လည်းကောင်း အသီးသီးတင်ဆက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဝါးခယ်မမြို့နယ်အသင်း သင်းလုံးကျွတ်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် အစည်းအဝေးကို ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ဖေဖော်ဝါရီ ၂၂ရက်က ကျင်းပရာ ပထမပိုင်းတွင် ၂၀၀၆-၂၀၀၈ခုနှစ် ဥက္ကဋ္ဌ ဒေါ်သိန်းဟန်က အဖွင့်အမှာစကားနှင့်နာယက ဒေါက်တာ ကျော်စိန်က ဩဝါဒ စကား ပြောကြားပြီး ဒေါ်ခင်ဆွေရီက ယမန်နှစ် နှစ်ပတ်လည်အစည်းအဝေးမှတ်တမ်း၊ ဒေါ်ခင်အေးမူက ငွေစာရင်း ရှင်းတမ်း ဖတ်ကြားအတည်ပြုကြသည်။

ဆုချီးမြှင့်

ထို့နောက် သက်ကြီးပူဇော်ပွဲ၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အဆင့်(၄) ရရှိသော မောင်အောင်သူထက်၊ အဆင့်(၇) ရရှိသော မောင်ရဲမြင့်သော်၊ အဆင့်(၉) ရရှိသော မောင်မျိုးမင်းဇော်နှင့် စီမံထူးချွန် (ပထမဆင့်)ရ ဦးစိုး (ပါမောက္ခချုပ်၊မြစ်ကြီးနားတက္ကသိုလ်) ဂုဏ်ပြုပွဲ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူ သုံးဦးတို့အား ဆုများချီးမြှင့် ပေးအပ်သည်။

ရွေးချယ်တင်မြှောက်

ဒုတိယပိုင်းတွင် ၂၀၀၉-၂၀၁၁ ခုနှစ်အတွက်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး အံ့ကျော် (ငြိမ်း)အပါအဝင် အမှုဆောင် အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

(မြန်မာ့အလင်း)

ပညာရည်ချွန်ဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၀ရက်က ဒလမြို့နယ် အမက(၉)၏ ၂၀၀၇-၂၀၀၈ ပညာရည်ချွန် ဆုပေးပွဲတွင် စတုတ္ထတန်းမှ ပထမဆုရ မထားသစ္စာအား အလက(၁)ကျောင်းအုပ်ဆရာမကြီး ဒေါ်မြစန်းကြည်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

မီးဘေးအန္တရာယ် သတိပြုကာကွယ်

သန်းထွန်းညို

မီးကိုသုံးစွဲတတ်လာသည့် အချိန်ကစ၍ လူသားတို့၏ ယဉ်ကျေးမှုသည် တစ်ဆင့်မြင့်တက်လာခဲ့သည်။ မီးသည် လူသားတို့အား အနွေးဓာတ်နှင့်အလင်းရောင်ကိုပေးသည်သာမက သားစိမ်း၊ ငါးစိမ်းစားသည့် ဘဝမှ ဖုတ်၊ ကင်၊ ချက်ပြုတ်စားတတ်သည့် ဘဝသို့ရောက်အောင် ရှေးခေတ် လူသားတို့အား ယဉ်ကျေးမှု အဆင့်မြှင့်တင်ပေးခဲ့သည်။

ရှေးခေတ် လူတို့သည် လျှပ်ပန်းလျှပ်စစ် မိုးကြိုးပစ်ရာမှ သစ်တောမီးလောင်သည်ကို ကြုံကြရသည်။ မီး၏ အပူဓာတ်နှင့် အလင်းရောင်ကို သတိပြုမိခဲ့ကြသည်။ မီးမည်သို့ စတင်ပေါ်ပေါက်လာသည်ကို မသိကြသေး။ သား ငါးရှာဖွေရန် ကျောက်လက်နက်များပြုလုပ်စဉ် ကျောက်တုံးမှ မီးပွားများ လွင့်စဉ်လာသည်ကို တအံ့တသြ တွေ့ရှိကြပြီး ထိုမီးပွင့် မီးပွားများကြောင့် သစ်ရွက်ခြောက်များ၊ ခြောက်သယောင်းနေသော သစ်ပင်များ မီးသင့်သည်ကို တွေ့ရှိရသည်။ သို့နှင့် ရှေးခေတ်လူသားတို့သည် မီးကို စတင်တွေ့ရှိ အသုံးချလာနိုင်သည်။ ချမ်းအေးသောအခါ မီးလှုံကြရသည်။ တောမီးလောင်၍ ကျန်ရစ်သော သားကောင်၏ ကျက်ပြီးသား မီးသင့်သားများကို စားကြည့်ရာမှ ပိုမို၍ အန့်အရသာရှိကြောင်း သိရှိပြီး ဖုတ်၊ ကင်၍ စားတတ်လာသည်။ မီးသည် လူသားတို့၏ မိတ်ဆွေကြီးအဖြစ် အကျွမ်းဝင်ခဲ့လေသည်။

သို့သော် မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဟူသော အဆိုအတိုင်းပင် ပေါ့ဆခြင်း၊ သတိလက်လွတ်ဖြစ်ခြင်း၊ မေ့လျော့ခြင်းများကြောင့် လူတို့၏စည်းစိမ်တိုက်တာ အိမ်ရာများကို တစ်ခဏချင်း ဝါးမျိုပစ်တတ်သော ရန်သူကြီးအဖြစ်လည်း မကြာခဏ ကြုံကြရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၀၇ခုနှစ်အတွင်း မီးလောင်မှု၉၄၄ကြိမ် ရှိခဲ့ပြီး အိမ်ခြေအဆောက်အအုံ ၃၆၇၄လုံး၊ စက်ရုံ၊ အလုပ်ရုံ၂၂လုံး၊ ဂိုဒေါင် ၁၂လုံး၊ လူသေဆုံးမှု ၅၃ဦး၊ ဒဏ်ရာရသူ ၇၂ ဦး၊ မီးဘေးဒုက္ခသည် ၁၇၆၂၀၊ ကျွဲနွား ဆုံးရှုံးမှု ၃၂၆၅ ကောင် ရှိခဲ့သည်။ ၂၀၀၈ ခုနှစ် တစ်နှစ်လုံးတွင် မီးလောင်မှု ၇၁၉ ကြိမ်ဖြစ်ခဲ့ပြီး အိမ်ခြေ အဆောက်အအုံ ၆၂၃၄လုံး၊ စက်ရုံ၊ အလုပ်ရုံ ၁၅လုံး၊ဂိုဒေါင် ၃၃လုံး၊ သေဆုံးသူ၃၄ဦး၊ ဒဏ်ရာရသူ၆၂ဦး၊ မီးဘေးဒုက္ခသည် ၁၇၃၄၁ဦး၊ ကျွဲ၊ နွားဆုံးရှုံးမှု ၂၆၈ ကောင်ရှိခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန၏ တရားဝင်သတင်းထုတ်ပြန်ချက်အရ သိရသည်။

၁၉၉၁ခုနှစ်မှ ၂၀၀၈ခုနှစ်ကုန်အထိ ၁၈နှစ်တာကာလအတွင်း ဈေးများ မီးလောင်မှုပေါင်း ၅၇ ကြိမ်ဖြစ်ပွားခဲ့သည်။ ၂၀၀၈ ခုနှစ် ဈေးများ မီးလောင်မှုတွင် ၂၅-၂-၂၀၀၈ ရက်က လောင်ကျွမ်းခဲ့သော မန္တလေး ရတနာပုံဈေးကြီးမှာ ဝိုင်ယာရှော့ဖြစ်၍ လောင်ကျွမ်းခြင်းဖြစ်ပြီး ဆုံးရှုံးမှုတန်ဖိုးအများဆုံးဖြစ်သည်။ ဈေးများ မီးလောင်ရသည့်အကြောင်းရင်း ၁၂ချက်ရှိသည့်အနက် ဝိုင်ယာရှော့ဖြစ်ခြင်းနှင့် အစောင့်နှင့် ဈေးသူ၊ ဈေးသားများ၏ ပေါ့ဆမှုတို့ကြောင့် အများဆုံးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ မီးလောင်မှုများတွင် မီးလောင်ရခြင်း အကြောင်းရင်း ၁၀ ချက်ခန့်ရှိသည့်အနက် ပေါ့ဆ၍လောင်ရသည့် အကြောင်းရင်းမှာ အများဆုံးဖြစ်ကြောင်း မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ နေအိမ်များတွင် မီးဖို မီးကြွင်းမီးကျန်များမှတစ်ဆင့် မီးလောင်မှု ဖြစ်ပွားလေ့ရှိသည်။ မီးဖိုများကို သုံးစွဲပြီးပါက မမေ့မလျော့ မီးငြိမ်းသတ်ရန်လိုအပ်သည်။ မိသားစုဝင်များအားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများ၏ မီးကိုပိတ်ခြင်း၊ ပလပ်ဖြုတ်ခြင်း၊ မိန်းခလုတ်များကို ချထားခြင်းများ ပြုလုပ်ပြီးမှသာ သွားသင့်သည်။

မီးဖိုမီးကြွင်းမီးကျန်များ ပေါ့လျော့စွာ ထားခြင်း၊ တစ်အိမ်သားလုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်များကို မပိတ်ဘဲထားခဲ့မိခြင်းတို့ကြောင့် မကြာခဏမီးလောင်မှု ဖြစ်တတ်သည်။ မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များကို သေချာစွာမငြိမ်းသတ်နိုင်သော ကလေးသူငယ်များနှင့်သက်ကြီးရွယ်အိုများ ထမင်း၊ဟင်း ချက်ပြုတ်ခြင်းကြောင့် မကြာခဏမီးလောင်မှုဖြစ်ပွားလေ့ရှိသဖြင့် ၎င်းတို့အနေဖြင့် ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုသင့်ပေ။

ထို့အပြင် ညအိပ်ရာဝင်ချိန်၌ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်သင့်သည်။ မီးသုံးစွဲနေစဉ် အိပ်စက်ခြင်းလုံးဝမပြုလုပ်ရန် အလွန်အရေးကြီးသည်။ အိပ်ခန်းများတွင် လေဝင်လေထွက် ကောင်းမွန်စေရန် စီမံထားရှိသင့်သည်။

မီးလောင်လွယ်သော ပစ္စည်းများအနီးတွင် ဖယောင်းတိုင်မီးထွန်းခြင်း၊ ဘုရားမီးပူဇော်ခြင်း၊ ဖယောင်းတိုင်မီးဖြင့် စာကြည့်ခြင်း၊ ဖယောင်းတိုင်မီးဖြင့် အမှတ်တမဲ့ မော်တော်ကားဓာတ်ဆီဖြည့်ခြင်း၊ အိပ်ရာနှင့် ခုတင်အနီးတွင် ဖယောင်းတိုင်နှင့် ခြင်ဆေးခွေ ထွန်းထားခြင်း၊ မော်တော်ကားခေါင်းခန်း ကူရှင်ပေါ်တွင် ခြင်ဆေးခွေထွန်းခြင်းတို့ကို အထူးသတိပြု လုပ်ဆောင်ကြရန် လိုအပ်သည်။မတော်တဆမီးလောင်မှုကို ယင်းတို့မှ စတင်ဖြစ်ပေါ်လေ့ရှိကြောင်း သိရှိရသောကြောင့် ဖြစ်သည်။

ထို့အပြင် ပူပြင်းသောရာသီ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပေါ်နိုင်သဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးများဖြင့် ဓာတ်ဆီဖြည့်ခြင်း၊ ဓာတ်ဆီ လဲလှယ်ခြင်းများကို သတိပြု ရှောင်ရှားသင့်သည်။

မော်တော်ယာဉ်များကို အသုံးပြုမောင်းနှင်နေစဉ်နှင့် ရပ်နားထားချိန်များတွင် ဝိုင်ယာရှော့ဖြစ်တတ်သည်။ ကားဂက်စ်အိုးအဝင် ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိပြီး မီးလောင်တတ်သည်။ ကားစက်နှိုးထားချိန် ဆီထည့်ခြင်း၊ ကာပရိုက်တာဆီလျှံခြင်း၊ ညအချိန်ဖယောင်းတိုင်မီးဖြင့် ကြည့်ရှု၍ကားပြင်ခြင်း၊ ဆီထည့်နေချိန် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းတို့ကြောင့်လည်း မီးလောင်တတ်သဖြင့် အထူးသတိပြုရှောင်ကြဉ်ရန် လိုအပ်သည်။

မီးလောင်မှုဖြစ်ပွားလာပါက အလွယ်တကူ မီးငြိမ်းသတ်နိုင်အောင် ဓာတုဗေဒပေါင်ဒါခြောက်မီးသတ်ဆေးဘူး (Dry Chemical Powder) ကို မော်တော်ယာဉ်တိုင်း၌ ဆောင်ထားသင့်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် မီးသတ်စခန်းပေါင်း၅၅၀ရှိသည်။ သန္တေမီးသတ်စခန်း ၂၂၂ခုနှင့် အရန်မီးသတ်စခန်း၃၂၈ခုတို့ပါဝင်သည်။ အဆင့်မြင့် မီးသတ်စခန်းခုနစ်ခု တည်ဆောက်ပြီးခဲ့ရာ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်တပ်ကုန်း၊ နေပြည်တော်လယ်ဝေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ ဘုရင့်နောင်နှင့် လှိုင်မီးသတ်စခန်းတို့ ဖြစ်သည်။ အဆင့်မြင့် မီးသတ်စခန်းမှာ အထပ်မြင့်အဆောက်အအုံများပါဝင်ပြီး ကိုယ့်စခန်းအတွင်းမှာပင် ရေဖြည့်တင်းနိုင်သည်။ ဆက်လက်၍ အဆင့်မြင့် မီးသတ်စခန်းများ တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ထောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မီးသတ်ဦးစီးဌာနတွင် အရေးပေါ်လူနာတင်ယာဉ် ငါးစီးရှိရာ ရန်ကုန်ရုံးချုပ်တွင် နှစ်စီး၊ မန္တလေးတိုင်းမီးသတ်တွင် တစ်စီး၊ နေပြည်တော်ဗဟိုမီးသတ်တွင် တစ်စီး၊ ဇီးပင်ကြီး မီးသတ်သင်တန်းကျောင်းတွင် တစ်စီးထားရှိသည်။ လူနာတင်ယာဉ်များကို မီးလောင်ပြင်များဆီသို့ မီးသတ်တပ်ဖွဲ့များနှင့်အတူ လိုက်ပါသွားစေပြီး ထိခိုက်ဒဏ်ရာရသူများကို နီးစပ်ရာ ဆေးရုံကြီးများသို့ ပို့ဆောင်ပေးသည်။ ဆေးတပ်ဖွဲ့ သင်တန်းတက်ပြီးသော မီးသတ်တပ်ဖွဲ့ဝင်များကို ယင်းကားများ၌ တာဝန်ချထား ဆောင်ရွက်လျက်ရှိသည်။ မီးလောင်ပြင်များတွင် အဓိကထား အသုံးပြုလျက်ရှိသော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် အကူအညီတောင်းခံလာပါက အခကြေးငွေ လုံးဝမယူဘဲ စေတနာ့ဝန်ထမ်း လိုက်ပါကူညီဆောင်ရွက်ပေးနေကြောင်း သိရှိရသည်။ အခက်အခဲရှိသူများအနေဖြင့် မီးသတ်ဦးစီးဌာနမှ အရေးပေါ်လူနာတင်ယာဉ်အတွက် အကူအညီတောင်းခံလိုပါက ရန်ကုန်တိုင်းမီးသတ် ဖုန်း-၂၅၂၀၁၁၊ ၂၅၂၀၂၂၊ မီးသတ်ဦးစီးဌာနရုံးချုပ် ဖုန်း-၆၆၆၉၁၂နှင့် ၆၆၆၉၁၃ တို့သို့ မည်သည့်အချိန်၌မဆို ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်းသိရသည်။

"သင့်ကြောင့် မီးမလောင်ပါစေနှင့်၊ မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်၊ မီးဘေးရှောင်မလောင်ခင်တား၊ မီးသတိပြု"စသော မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ပုဒ်နှင့် သတိပေးချက်များကို ခြောက်သွေ့ရာသီရောက်လာသည့်အချိန်တွင် လူတိုင်း အလေးဂရုပြုရမည် ဖြစ်သည်။ အေးမြခြောက်သွေ့သော ဆောင်းရာသီမှ ပူပြင်းခြောက်သွေ့သော နွေရာသီသို့မကြာမီကူးပြောင်းရောက်ရှိတော့မည်ဖြစ်ရာ မြို့ရွာ၊ တိုက်တာ အိမ်ခြေ၊ ပစ္စည်းပစ္စယများကို တစ်ခဏအတွင်း ပျက်စီးဆုံးရှုံးသွားနိုင်သည့် မီးဘေးအန္တရာယ်များ မသင့်ရလေအောင် မလောင်ခင်က ကြိုတင်ကာကွယ်သင့်လှပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ညအိပ်ရာဝင်ချိန်၌ ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်သင့်။ မီးသုံးစွဲနေစဉ် အိပ်စက်ခြင်း လုံးဝမပြုလုပ်ရန် အလွန်အရေးကြီး။ အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရန် စီမံထားရှိသင့်။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အထက(၁) ပန်းဘဲတန်း မြတ်ဆရာပူဇော်မည်

အထက(၁) ပန်းဘဲတန်း (စိန့်မေရီကျောင်း)တွင် ၁၉၇၂မှ၁၉၈၅အထိ ပညာသင်ကြားခဲ့သော ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ်၁ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း-၂၄၃၇၄၀ နှင့် ၂၄၅၃၂၅တို့သို့ ဆက်သွယ်နိုင်သည်။

တီးတိန်အသင်း နှစ်ပတ်လည်စည်းဝေးမည်

တီးတိန်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ၂၈ရက် (စနေနေ့)နံနက် ၁၀နာရီတွင် မြေနီကုန်း မွှောရုံလမ်း အမှတ် ၈၁၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်သားများ တက်ရောက်ကြရန် နိုးဆော်ထားသည်။

မြတ်ဆရာပူဇော်ပွဲ အကြိုညှိနှိုင်းစည်းဝေး

ပဲခူးမြို့ အထက(၃) ကျောင်းသားဟောင်းများ(ရန်ကုန်)၏ မြတ်ဆရာပူဇော်ပွဲ အကြိုညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ရက်(စနေနေ့) မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာနတွင် ကျင်းပခဲ့ရာ တက်ရောက်လာသူများက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ချောက်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ချောက်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ၅ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ တရားရုံးချုပ်မွှာရုံ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဖုန်း-၀၁-၂၉၃၄၂၀သို့ ဆက်သွယ်နိုင်သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း သင်တန်းများဖွင့်မည်

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ရည်ရွယ်၍ မြန်မာနိုင်ငံဆရာဝန်အသင်း ကာကွယ်ရေးနှင့်လူမှုရေးဆေးပညာ အဖွဲ့က ကြီးမှူး၍ မတ်လအတွင်း သင်တန်းများဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၅၀-၄၁၉၃၄ သို့ ဆက်သွယ်နိုင်သည်။

အထက(၅)တာမွေ မြတ်ဆရာပူဇော်မည်

အထက(၅)တာမွေ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား ပူဇော် ကန်တော့ပွဲကို မတ် ၂၈ရက် (စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၅၄၆၅၈နှင့် ၅၄၀၇၅၈တို့သို့ ဆက်သွယ်နိုင်သည်။

လက်မှတ်ရစာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် ဆုချီးမြှင့်မည်

မြန်မာနိုင်ငံ စာရင်းကောင်စီကကျင်းပသော စာမေးပွဲများ၌ အောင်မြင်ခဲ့သော လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်များအား ဆုချီးမြှင့်ပွဲကို မတ် ၂၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

သစ်သီးအလှပြုပြင် သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် သစ်သီးအလှပြုပြင်မှု သင်တန်း ၁/၂၀၀၉ကို မတ်၁ရက်မှ ၂၁ရက်အထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ သင်တန်းသားအကန့်အသတ်ဖြင့် ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ဝင်စားသူများ ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်နိုင်သည်။

မရမ်းကုန်းစာပေနှင့်စာနယ်ဇင်း စာပေဟောပြောပွဲ

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၇ရက်(သောကြာနေ့) ည၇နာရီတွင် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

စက်မှုလက်မှု အထက(၁) အာစရိယပူဇော်မည်

ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၁)၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၂၈ရက်(စနေနေ့) နံနက်၈နာရီတွင် ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံဝင်းရှိ ရွှေဂင်ရယ်ဂါးဒင်း စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၈၀-၂၂၉၅၆ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ - ဝင်းကျော်

မီးအန္တရာယ်

အစဉ်သတိပြု ကာကွယ်

မွန်ပြည်နယ် အမျိုးသားဘောလုံးအသင်းအတွက် ဘောလုံးအားကစားပစ္စည်းများ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မွန်ပြည်နယ် အမျိုးသားဘောလုံး အသင်းအတွက် ဘောလုံး၊ ဘောလုံးကန်ဖိနပ်၊ ခြေအိတ်၊ လေ့ကျင့်ရေးဝတ်စုံများကိုလည်းကောင်း၊ မွန်ပြည်နယ်လက်ရွေးစင် ဘောလုံးသမားဟောင်းများ ဘောလုံးအသင်းအတွက်အားကစားဝတ်စုံများကိုလည်းကောင်း ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၇ရက်က မော်လမြိုင်မြို့ရှိမွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မလေးရှား အခြေစိုက် အဆင့်မြင့်နည်းပညာဖြင့် ရော်ဘာအထွက်တိုး ဝန်ဆောင်မှုလုပ်ငန်းများ (SHEIPHAI HOLDING SDN. BHD) ကုမ္ပဏီမှ ဒါရိုက်တာများဖြစ်ကြသည့် Dr. EBRAHIM နှင့် Dr.MOHD HAROON နှင့် ဌာနေကိုယ်စားလှယ် ဦးကျော်နိုင် (လူမှုထူးချွန် တတိယအဆင့်)တို့က ဘောလုံးအားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်တို့က လက်ခံကြသည်။ (အပေါ်ဝဲပုံ)

ယှဉ်ပြိုင်

ယင်းနေ့ညနေပိုင်းတွင် မော်လမြိုင်မြို့၌ မွန်ပြည်နယ် လက်ရွေးစင်ဘောလုံးသမားဟောင်းများအသင်းနှင့်မြန်မာနိုင်ငံဂီတအစည်းအရုံးလက်ရွေးစင်ဘောလုံးအသင်းတို့သည် ချစ်ကြည်ရေးဘောလုံးပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

(သတင်းစဉ်)

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး သတင်းစာရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

Myanmar P.G.Aနှင့်မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်တို့က ကြီးမှူး၍ Air Bagan Ltd.က အဓိက ကူညီပံ့ပိုးမည့် Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ Traders Hotel (Ball Room)၌ ကျင်းပသည်။ (အောက်ယာပုံ)

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိသူများ၊ Myanmar P.G.Aနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ဦးမင်းသိန်း၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းများမှတာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ Myanmar P.G.Aနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ Myanmar P.G.A အထွေထွေအတွင်းရေးမှူး Myanmar Professional Golfer ဦးချမ်းဟန်က ပြိုင်ပွဲအခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ဖြေကြား

ယင်းနောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ကျင်းပမည်

Myanmar Masters 2009 ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၁၂ရက်မှ၁၅ ရက်အထိ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ Pan Hlaing Golf Club ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် Professional Golfer ၇၀ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ဆုကြေးများကို ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဖေဖော်ဝါရီ၁၅ ရက်က ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် ကြားတောရလမ်းရှိ ရေဝတီတိုင်းမွှာရုံ၌ကျင်းပရာ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းကြည်(ငြိမ်း)က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထောက်ပံ့

အခမ်းအနားတွင် အသင်းဝင်အဘိုးအဘွား ၁၂စဦးအား ပူဇော်ကန်တော့ကြပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ Top Tenဝင် သုံးဦးအပါအဝင် **(အပေါ်ပုံ)** သုံးဘာသာအထက် ဂုဏ်ထူးရှင် ၁၆ဦးအား ပညာရည်ချွန်ဆု ချီးမြှင့်ကြကာ တက္ကသိုလ်ပညာ သင်ကြားနေသူခုနစ်ဦးအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ကြသည်။

ပြောကြား

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်အေးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းအား တင်ပြပြီး အဖွဲ့ဝင် ၂၅ဦးပါဝင်သော အမှုဆောင် အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြကာ ဥက္ကဋ္ဌသစ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(မြန်မာ့အလင်း)**

ဂျူဗင်းတပ်စ်နဲ့ ရီးရဲလ်မက်ဒရစ်ကို မေ့ထားလိုက်ကြရအောင်

ချန်ပီယံလိဂ်အကြို - ထွန်းထွန်းဦး(လှိုင်) ❖ စာမျက်နှာဖွဲ့စည်းမှု - သန်းဝင်း(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဖေဖော်ဝါရီ ၂၅ရက်မှာ ကစားမယ့်ပွဲတွေကလည်း စိတ်ဝင်စားဖို့ တအားကောင်းပါတယ်။ အထူးသဖြင့် ထပ်ပြောရမယ်ဆိုရင် အင်္ဂလန်ကလပ်တွေပါပဲ။ ဘာကြောင့်လည်းဆိုရင် ချယ်လ်ဆီးရော၊ လီဗာပူးပါအသင်းကောင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်နေလို့ပါပဲ။ ချယ်လ်ဆီးက ဂျူဗင်းတပ်စ်နဲ့ဆုံသလို၊ လီဗာပူးကလည်း ရီးရဲလ်နဲ့ကစားရမှာ ဖြစ်နေလို့ပါပဲ။ ပြီးတော့ စပို့တင်းနဲ့လာဆုံတဲ့ ဘိုင်ယန်မြူးနစ်ကလည်းပဲ ပထမအကျော့မှာ အိမ်ရှင်ပေါ်တူဂီအသင်းကို အလွယ်တကူနဲ့ အနိုင်ယူနိုင်ပါ့မလား။ ပြီးတော့ စပိန်ကလပ်မှာ ဗီလာရီးရဲလ်နဲ့ ကစားရမယ့် ဂရိကလပ် ပါနာသီနာကို့စ်လည်း ဒီတစ်ခါထပ်ပြီး ကံကောင်းမလားဆိုတာ စောင့်ကြည့်ရမှာပါ။

ချယ်လ်ဆီး-ဂျူဗင်းတပ်စ်

နည်းပြသစ်ဖြစ်လာတဲ့ ဟစ်ဒင့်ဟာ ချယ်လ်ဆီးရဲ့ အပယ်ခံကစားသမားတွေကိုသာမက ကစားသမားငယ်တွေကိုပါ နေရာပေးဖို့ရှိနေနိုင်ပါတယ်။ ဒါကြောင့် အရန်ခုံပေါ်က ကစားသမားငယ်တွေနဲ့လည်းတွဲပြီး ဂျူဗင်းတပ်စ်လိုအသင်းကို ရင်ဆိုင်မှာပါ။ဂျူဗင်းတပ်စ်ကတော့ချယ်လ်ဆီး နည်းပြဟောင်း ရေနီယာရီအစွမ်းနဲ့ အဝေးကွင်းမှာ ချယ်လ်ဆီးလိုအသင်းမျိုးကို ယှဉ်ဖို့ဆိုတာ သိပ်မလွယ်နိုင်လောက်ဘူး။ ဘာကြောင့်လဲဆိုရင် ချယ်လ်ဆီးရဲ့ အနေအထားဟာရေနီယာရီရှိစဉ်ကနေ စကိုလာရီကိုင်တွယ်သွားတဲ့အချိန်အထိ ကြားမှာကွာခြားသွားလို့ပါ။ ချယ်လ်ဆီးဟာ ဟစ်ဒင့်လက်ထဲမှာသာ ပုံစံနဲ့ရှိနေတယ်။ ဘယ်သူမှ

> **ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားများ ဂိုးသွင်းအပြီး ပျော်မြူးနေစဉ်။**

မသိပါဘူး။ နောက်တစ်ချက်က ဘယ်လိုနည်းစနစ်မျိုးရှိနေလဲဆိုတာပါ။ ရေနီယာရီအနေနဲ့ ကစားသမားတွေနဲ့အတူခွဲခြားသုံးသပ်နိုင်စွမ်း နည်းနေနိုင်ပါသေးတယ်။ ဟစ်ဒင့်ဟာ အကြံကြီးတဲ့နည်းပြပါ။ သူ့ရဲ့အတွေ့အကြုံတွေဟာမနည်းပါဘူး။ အသင်းတစ်သင်းအခြေအနေကောင်းအောင်လို့လုပ်ပေးနိုင်စွမ်းရှိနေပြီး ကစားသမားတွေကိုလည်းပဲ စိတ်ဓာတ် တက်ကြွအောင် လုပ်ပေးနိုင်ပါတယ်။ ဒါကြောင့်လည်းပဲ ချယ်လ်ဆီး တစ်သင်းသားလုံး အရည်အသွေး ပြည့်ဝပြီး ဂျူဗင်းတပ်စ်လိုအသင်းမျိုးကို အသာရအောင် ခြေစွမ်းကုန်ထုတ်ပြီး ယှဉ်ဖို့ရှိနေပါလိမ့်မယ်။ ဂျူဗင်းတပ်စ်မှာ ဒယ်ပီယာရို၊ နက်ဗက်တို့အပြင် အမော်ရီနဲ့မဲလ်ဘာ့ဂ်တို့လည်းရှိပါတယ်။ အထူးသဖြင့် ဒယ်ပီယာရိုနဲ့ အမော်ရီတို့ပါပဲ။ ဒီနှစ်ယောက်ဟာ ထိုးဖောက်မှုရော ဂိုးသွင်းနှုန်းပါ တက်နေတယ်။ ဒါကြောင့်လည်း အဝေးကွင်းမှာ သူတို့ဟာ ချယ်လ်ဆီးရဲ့ စောင့်ကြည့်ရမယ့်သူတွေပါ။ ဂိုးသမားဖြစ်တဲ့ ဘူဖွန်ကလည်း လက်စွမ်းပြနေသလို ချယ်လ်ဆီးရဲ့ပီတာဆက်ကလည်း ဂျူဗင်း

တပ်စ် တိုက်စစ်မှူးတွေ အခက်တွေ့အောင် လုပ်နိုင်ပါတယ်။ အိမ်ရှင်ဖြစ်တဲ့ ချယ်လ်ဆီးကတော့ဂျူဗင်းတပ်စ်ကို လွယ်လွယ်နဲ့အလျှော့မပေးပါဘူး။ အသာရအောင်တော့ တစ်နည်းမဟုတ် တစ်နည်းနဲ့ကြိုးစားမှာပါ။လမ်းပတ်၊ ဒရော့ဘာ၊ အနယ်လ်ကာစတဲ့ ကစားသမားတွေဟာ ဟစ်ဒင့်လက်ထဲမှာနည်းစနစ်သစ်နဲ့ အစွမ်းပြပြီးကစားမှာဆိုတော့ ဂျူဗင်းတပ်စ်ဟာ တစ်ချက်ချက်တော့ အထိနာသွားဖို့ရှိနိုင်သေးတယ်။ ခြေကွာဖို့ဆိုတာ ခက်ပေမယ့်လည်း အခုပွဲဟာ ချယ်လ်ဆီးအနိုင်ရဖို့အတွက် သေချာနေပါတယ်။

ရီးရဲလ်မက်ဒရစ်-လီဗာပူး

နှစ်ဖက်နည်းပြတွေဟာ စပိန်နည်းပြတွေပါ။ နှစ်ယောက်စလုံးလည်းပဲ ပရီမီယာလိဂ်မှာ တွေ့ခဲ့ဖူးသလို အရင်ခပ်စောစောပိုင်းမှာလည်း စပိန်လာလီဂါမှာ တွေ့ခဲ့ကြတယ်။ အခုတော့ ရာမို့စ်က ရီးရဲလ်

> **ဂျူဗင်းတပ်စ်အသင်း တိုက်စစ်မှူး ဒယ်ပီယာရို(ယာ)တစ်ဖက်နောက်တန်းအား ဖြတ်ကျော် သယ်ယူလာစဉ်။**

နည်းပြ၊ ဘင်နီတက်ဇ်က လီဗာပူးနည်းပြအနေနဲ့ပြန်ဆုံတာပါ။ ပြီးတော့ ဘင်နီတက်ဇ်ဟာ တစ်ချိန်က ရီးရဲလ်ရဲ့ လူငယ်နည်းပြဟောင်းဖြစ်ခဲ့သူဆိုတော့ အခုရီးရဲလ်မှာ သူ့တပည့်တွေ ရှိနေပါတယ်။ ရီးရဲလ်မှာ ရော်ဘင်လည်းရှိနေလို့ လီဗာပူးနဲ့ ပတ်သက်တာတွေ ရီးရဲလ်က သိနေမှာပါ။ လီဗာပူးရဲ့ အားနည်းချက်ကို ရော်ဘင်ဟာရှာဖွေသွားဖို့ ဟိန့်ဇီနဲ့အတူရှိနေပါတယ်။ လီဗာပူးဟာ ရီးရဲလ်မှာ နစ္စတယ်ရွိုင်းမပါလို့ တစ်ချက်ကံကောင်းပါတယ်။ လီဗာပူးအနေနဲ့ အဝေးကွင်းမှာ ရီးရဲလ်ဆီကနေ အနိုင်သုံးမှတ်ရဖို့ ကြိုးစားမှာ ဖြစ်နေသလို ရှိတဲ့ကစားသမားတွေနဲ့ပဲ ပွဲထွက်မှာပါ။ အလွန်ဆို၊ ရိန်နာ၊ တောရက်စ်အစရှိတဲ့စပိန်သားတွေပွဲထွက်ပြီး ဒါကောက်ချ်၊ ဂျရတ်စတဲ့ ကစားသမားတွေနဲ့ရုံးပြီး ရီးရဲလ်မက်ဒရစ်ကို ယှဉ်မှာပါ။ ရီးရဲလ်ကတော့ ရာအူးလ်တို့လို ကစားသမားတွေနဲ့ပွဲထွက်ရင်း ဟီဂွေရင်၊ ကမ်နာဗားရိုး၊ ရှနိုက်ဒါ အစရှိတဲ့ သူတွေနဲ့ပဲ ရင်ဆိုင်

ကစားမှာပါ။ ရာမို့စ်ကတော့ အိမ်ကွင်းမှာ သူ့ကစားသမားတွေကို တရစပ်တိုက်စစ်ဖွင့် ကစားခိုင်းဖို့ ရှိနေပေမယ့် မလွယ်ပါဘူး။ ဘာကြောင့်လဲဆိုရင် ဂျရတ်တို့အုပ်စုက ခပ်မာမာကစားတတ်လို့ ရီးရဲလ်ဟာသူတို့ရဲ့ တုံ့ပြန်မှုကိုပြန်လိုက် ထိန်းနိုင်ပါသေးတယ်၊ လီဗာပူးမှာ ဂျရတ်ပါလာဖို့ မသေချာသေးပေမယ့် ဂျရတ်ပါလာရင်တော့ရီးရဲလ်မလွယ်ပါဘူး၊ ဂျရတ်ရဲ့ ထိုးဖောက်မှုတွေကလည်းပဲ ကြောက်စရာ ကောင်းတယ်၊ မထင်ရင်မထင်သလိုရှိနေလို့ ဘင်နီတက်ဇ်ရဲ့နည်းစနစ် စွမ်းဆောင်မှုကောင်းလို့ဆိုတဲ့ အားသာချက်တွေဟာ အိမ်ရှင်ရီးရဲလ်အပေါ်မှာ လီဗာပူးအနေနဲ့ ဖိအားပေးနိုင်တဲ့ အချက်တွေပါပဲ၊ အကြိတ်အနယ်ကစားရဖို့ ရှိနေတဲ့ပွဲ ဖြစ်လာဖို့ရှိနေပြီး လီဗာပူးရဲ့ကစားအားကို လျှော့တွက်မိရင် အိမ်ကွင်းမှာ မထင်မှတ်ဘဲ အထိနာနိုင်တဲ့ ရီးရဲလ်ကို အခုပွဲမှာ မေ့ထားလိုက်ပါတယ်။ ဘင်နီတက်ဇ်ကို ယုံလိုက်ကြရအောင်ပါ။

စပို့တင်း - ဘိုင်ယန်မြူးနစ်

စပို့တင်းနဲ့ဘိုင်ယန်ဟာ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီမှာ ဆုံခဲ့ဖူးပါတယ်၊ ချန်ပီယံလိဂ်အုပ်စုအဆင့်မှာ ဆုံခဲ့တာပါ၊ စပို့တင်းလိုအသင်းမျိုးဟာ ဘိုင်ယန်ကိုသာမက ကျန်တဲ့အသင်းတွေကိုပါ အိမ်ကွင်းမှာ ကစားရပြီဆိုရင် ဘယ်တော့မှ အလျှော့မပေးတတ်ဘူး။ အခုလည်းပဲ ရှိတဲ့ကစားသမားတွေနဲ့ ရင်ဆိုင်မှာပါ။ ဒါကြောင့်မို့ ဘိုင်ယန်နည်းပြဟာ အဝေးကွင်းမှာ လူမော၊ စိတ်မောရဖို့ ရှိနေနိုင်ပါသေးတယ်။ ဖိအားမရှိတဲ့ စပို့တင်းကတော့ ဘိုင်ယန်ရဲ့ ထိုးဖောက်မှုတွေကို ဂရုစိုက် ထိန်းချုပ်ကစားမှာပါ၊ အိမ်ကွင်းလည်း ဖြစ်နေတော့ ပရိသတ်ရှေ့မှာအရှုံးမရှိအောင်လို့ဘိုင်ယန်

> **ချယ်လ်ဆီးအသင်း၏ အားထားရသော ကွင်းလယ် ကစားသမား လမ်းပတ်၏ ဂိုးသွင်းယူဟန်။**

ကို မရမက ခံကန်မှာပါ၊ ဒီခံကန်မှုကို ဘိုင်ယန်ဟာ အဝေးကွင်းမှာ ရှုန်းထွက်ဖို့မလွယ်နိုင်လောက်ဘူး။ ဖြစ်နိုင်ခြေရှိတာကတော့ စပို့တင်းကိုသာယုံထားရဖို့ရှိနေတဲ့ပွဲပါ။

ဗီလာရီးရဲလ် - ပါနာသီနာကို့စ်

ပါနာသီနာကို့စ်ကတော့ ခံစစ်နဲ့ပဲ ပွဲထွက်ကစားမှာပါ၊ ဗီလာရီးရဲလ်အနေနဲ့ အသာရဖို့ဆိုတာဟာခက်နေနိုင်သေးတယ်၊ ဒါကြောင့် ပါနာသီနာကို့စ်ရဲ့ ခံစစ်သက်သက်ကစားမှုကို လူစုံမပါနိုင်တဲ့ ဗီလာရီးရဲလ်ဟာအိမ်ကွင်းမှာ ရှိတဲ့လူတွေနဲ့သာ အနိုင်ရဖို့ ပွဲအစ ပွဲအဆုံး တိုက်စစ်သက်သက်ကစားရမှာပါ။ ဂရိကလပ်ကလည်း လူကောင်းတွေ သိပ်မရှိပေမယ့်ဒီလိုအဆင့်ရောက်လာနိုင်တဲ့အခြေအနေကြောင့် သူတို့ရဲ့ရှိတဲ့အားကို ဗီလာရီးရဲလ်နဲ့ပွဲမှာ နှစ်ဆထက်မကတင်ပြီးယှဉ်မှာပါ။ ဗီလာရီးရဲလ်အဖို့ ဒီပွဲနိုင်အောင် ကစားရမှာဖြစ်ပေမယ့် တစ်ဖက်ကလပ် ပါနာသီနာကို့စ်ကို ယှဉ်ရမှာခက်နေလို့ အသာရရင်တောင် ခြေမကွာနိုင်ဘူးဆိုရမယ်၊ဒါကြောင့် သုံးသပ်မိတဲ့ပုံအရတော့ ဗီလာရီးရဲလ် ညစ်ကစားလို့ နိုင်မယ်ဆိုရင်တောင် ဂိုးမကွာနိုင်လောက်ပါဘူး။ ။

(မြန်မာ့အလင်း)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အာရှတိုက်မှ အဆင့်မြင့်ဆုံးဘောလုံးကွင်း အဇာဒီ

မောင်မောင်မြင့်ဆွေ ရေးသား၍ ဟန်စိုး စာမျက်နှာဖွဲ့စည်းသည်

တီဟီရန် ဖေဖော်ဝါရီ ၂၄

အာရှတိုက်နိုင်ငံတွေရဲ့ ဘောလုံးအားကစားကွင်းတွေထဲမှာ အကြီးမားဆုံးနဲ့ အဆင့်မြင့်ဆုံး ဘောလုံးကွင်းကတော့ အီရန်နိုင်ငံက အဇာဒီဘောလုံးကွင်းပဲဖြစ်ပါတယ်လို့ ကမ္ဘာ့ဘောလုံးကွင်းများဆိုင်ရာ စစ်ဆေးရေးအဖွဲ့က ဂိုးလ်ကွန်ဝက်ဘ်ဆိုက်မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

တည်ဆောက်

အဇာဒီ အားကစားကွင်းကြီးဟာ ပရိသတ် ၁၀၀၀၀၀ ဝင်ရောက် ကြည့်ရှုနိုင်အောင် ကျယ်ဝန်းပြီး မိုးလုံလေလုံ အားကစားကွင်းလည်း ဖြစ်ပါတယ်။ ပွဲကြည့်စင်လေးဖက်ထောင့်တွေမှာ အင်အားကောင်းတဲ့ မီးမောင်းကြီးတွေ တပ်ဆင်ထားတာမို့ နေ့ရောညပါ ဘောလုံးပြိုင်ပွဲတွေ ကျင်းပနိုင်အောင် တည်ဆောက်ထားခြင်းလည်း ဖြစ်ပါတယ်။

ဒီဇိုင်းပုံစံထုတ်

အဇာဒီ အားကစားကွင်းဟာ ပရိသတ်တွေ ဘယ်ဘက်က ကြည့်ကြည့် မြင်ကွင်းပြောင်းလဲမှုမရှိအောင် တီထွင်တည်ဆောက်ထားတယ်လို့ ဆိုပါတယ်။ ဒါ့အပြင် ဘောလုံးပွဲ ကစားနေတဲ့ချိန်မှာ လေးဖက်ပွဲကြည့်စင်က ပရိသတ်တွေအနေနဲ့ ထင်ထင်ရှားရှား မြင်တွေ့လို့ရအောင် စနစ်တကျ ဒီဇိုင်းပုံစံထုတ်လုပ်ထားတယ်လို့ ဆိုပါတယ်။

နာမည်ကျော်ကြား

အီရန်ဘောလုံးကွင်း အဇာဒီဟာ အာရှရဲ့ အကောင်းဆုံး ဘောလုံးကွင်း ၁၀ ကွင်းထဲမှာ ထိပ်ဆုံးနေရာက ရပ်တည်နေတဲ့ ဘောလုံးကွင်း တစ်ကွင်းလည်း ဖြစ်ပါတယ်။ အာရှရဲ့ အကောင်းဆုံးနဲ့ နာမည်ကြီးဘောလုံးကွင်းတွေထဲမှာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာရှိတဲ့ ဂီလိုရာဘန်ကာနိုဘောလုံးကွင်း၊ တရုတ်နိုင်ငံ ပေကျင်းမြို့မှာရှိတဲ့ ငှက်သိုက်ပုံသဏ္ဌာန် ဘောလုံးကွင်းတို့ဟာ နာမည်ကျော်ကြားတဲ့ အားကစားကွင်းတွေပါပဲ။

ဒါ့အပြင် တောင်ကိုရီးယားနိုင်ငံ ဂျီကျူမြို့မှာရှိတဲ့ ၂၀၀၂ခုနှစ်က ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ လက်ခံကျင်းပခဲ့တဲ့ ဂျီကျူဘောလုံးကွင်း၊ ဂျပန်နိုင်ငံ ဆေတာမာမြို့မှာရှိတဲ့ ဆေတာမာ ဘောလုံးကွင်း၊ ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးမြို့မှာရှိတဲ့ ဂျာဘာအယ်အာမက်ဘောလုံးကွင်း၊ အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့မှာရှိတဲ့ ဆော့လိတ် ဘောလုံးကွင်း၊ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာရှိတဲ့ ဆိုးလ်ဘောလုံးကွင်း၊ ဆော်ဒီအာရေဗျနိုင်ငံ ရီယက်မြို့မှာရှိတဲ့ ဘုရင်ဖာ့ဒ် ဘောလုံးကွင်းနဲ့ ဂျပန်နိုင်ငံ ကာဝါစကီမြို့မှာရှိတဲ့ တိုဒိုရိုကီဘောလုံးကွင်းတို့ပဲ ဖြစ်ပါတယ်။

အဇာဒီ ဘောလုံးကွင်း

အာရှတိုက်တွင် အကြီးဆုံးနှင့် အဆင့်အမြင့်ဆုံး ဘောလုံးကွင်း ဖြစ်သည့် အီရန်နိုင်ငံမှ အဇာဒီ ဘောလုံးကွင်းကို ဤသို့ တွေ့ရသည်။

သာလွန်ကောင်းမွန်

အာရှရဲ့ အဲဒီဘောလုံးကွင်းတွေဟာ နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းတွေ ဖြစ်တဲ့အပြင် တချို့ဘောလုံးကွင်းတွေက ဥရောပ ထိပ်တန်းဘောလုံးကွင်းတွေထက် သာလွန်ကောင်းမွန်နေပါကြောင်း ဖော်ပြထားပါတယ်။ ။

ကိုးကား-အင်တာနက်

အမေရိကန် လက်ဝှေ့ကြယ်ပွင့် ဒေါ်ဆန် ဒဏ်ရာကြောင့် တာဗာနှင့် ပွဲစဉ်ရွှေ့ဆိုင်း

လန်ဒန် ဖေဖော်ဝါရီ ၂၄

လိုက်ဟဲဗီးဝိတ်ချန်ပီယံ ချက်ဒ်ဒေါ်ဆန်သည် ယခုသီတင်းပတ်အတွင်း လက်ဝှေ့လေ့ကျင့်နေစဉ် ၎င်း၏လက်တွင် ဒဏ်ရာရရှိခဲ့မှုကြောင့် လက်ဝှေ့သမားအန်တိုနီယိုတာဗာနှင့် ပြန်လည်ယှဉ်ပြိုင်ထိုးသတ်မည့် ပွဲစဉ်ကို ဆိုင်းငံ့ထားကြောင်း သတင်း၌ ဖော်ပြသည်။

အသက် ၂၆နှစ်ရှိ အမေရိကန် လက်ဝှေ့ကျော် ဒေါ်ဆန်သည် လာမည့် မတ် ၁၄ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂက်မြို့ ပယ်လ်ပျော်ပွဲစားရုံကြီး၌ တာဗာ နှင့် ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားခဲ့သည်။ **(အင်တာနက်)**

တိုက်ဂါးဝုဒ်နှင့် ယှဉ်ပြိုင်ခွင့်ရ၍ဝမ်းမြောက် ဂေါက်သီးသမား ဘရင်ဒန်ဂျုံး ဖွင့်ဟပြောကြား

လန်ဒန် ဖေဖော်ဝါရီ ၂၄

ဒဏ်ရာကြောင့် ဂေါက်သီးလောကနှင့် ကာလအတန်ကြာဝေးကွာနေသော တိုက်ဂါးဝုဒ်သည် ဖေဖော်ဝါရီ ၂၅ရက် ဂေါက်သီးပြန်လည်ကစားချိန်တွင် ဆုံတွေ့ယှဉ်ပြိုင်ရမည့်အခွင့်အရေးတစ်ရပ်ကို မိမိရရှိခဲ့သည့်အတွက် ကျေနပ်အားရမိကြောင်း ကမ္ဘာ့အဆင့် ၆၄ရှိ ဘရင်ဒန်ဂျုံး(အပေါ်ပုံ) က ပြောကြားခဲ့သည်။ အသက် ၃၃ နှစ်ရှိ ဂျုံးသည် အရီဇိုးနားတွင် ကျင်းပသည့် ဒဗလျူဂျီစီ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုဖလား ဆွတ်ခူးခဲ့သူဖြစ်ပြီး ၂၀၀၇ခုနှစ် ဧပြီလက ဂျပန်၌ကျင်းပခဲ့သော တီဆူရူယာ အိုးပင်းဂေါက်သီးဆုဖလား အပါအဝင် ဆုဖလားရှစ်လုံး ဆွတ်ခူးခဲ့သူဖြစ်သည်။

(အင်တာနက်)

ယူအီးအက်ဖ်အေပွဲစဉ်တွင် ဗီလာအမာခံရှစ်ဦး ချန်လှပ်ထားမည်

လန်ဒန် ဖေဖော်ဝါရီ ၂၄

အက်စ်တွန်ဗီလာအသင်းသည် ရုရှားနိုင်ငံ၌ ဖေဖော်ဝါရီ၂၆ရက်က ယူအီးအက်ဖ်အေဖလား ဒုတိယအကျော့ ပွဲစဉ်အဖြစ် စီအက်စ်ကေအေ မော်စကိုအသင်းနှင့် သွားရောက်ရင်ဆိုင် ယှဉ်ပြိုင်ရမည့်ပွဲတွင် ပထမပုံမှန်ပွဲထွက် ကစားသမားရှစ်ဦးကို ချန်လှပ်ထားခဲ့မည်ဟု သတင်း၌ ဖော်ပြသည်။ ချန်ထားခဲ့မည့် ကစားသမားများမှာ ဂရက်ဘာရီ၊ ဖရီဒယ်လ်၊ ဟတ်စကီး၊ ဂျိမ်းစ်မီလ်နာ၊ အက်ရှ်လေ၊ အဘွန်လဟော၊ ကားလို့စ်ကူရယ်လာနှင့် စတီလီယန်မီတရိတို့ ဖြစ်ကြသည်။ ပရီမီယာလိဂ်ပွဲစဉ်အတွက် အသင်းခေါင်းဆောင်နေရာတွင် ဂရက်ဘာရီအား အစားထိုး တာဝန်ပေးလိုသည်ဟု ဗီလာနည်းပြ မာတင်အိုနေးလ်က ဖွင့်ဟပြောကြားခဲ့သည်။

(အင်တာနက်)

ဗြိတိသျှတင်းနစ်မယ် ကီယိုသာဗွန် ကမ္ဘာ့အဆင့် ၅၀ အတွင်းသို့ ရောက်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၄

ဗြိတိသျှတင်းနစ်မယ် ကီယိုသာဗွန်သည် ကမ္ဘာ့တင်းနစ်အဆင့် သတ်မှတ်ချက်၌ အဆင့် ၅၀ အတွင်း ချိတ်နိုင်ခဲ့ကြောင်း။ သူမသည် ၁၉၉၃ခုနှစ်တွင် ဗြိတိသျှတင်းနစ်မယ် ဂျိုဒူရီ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ဝင်ပြီးကတည်းက ယင်းသတ်မှတ်ချက်ဝင်သည့် ပထမဦးဆုံးသော ဗြိတိသျှတင်းနစ်မယ် ဖြစ်လာသည်။

အသက် ၂၅နှစ်ရှိ လန်ဒန်မြို့သူ တင်းနစ်မယ် ကီယိုသာဗွန်သည် မင်ဖစ်တင်းနစ်ပြိုင်ပွဲအကြို ဖိုင်နယ်ပွဲများသို့ ရောက်ရှိကာ အော့ကလန်တင်းနစ်ပြိုင်ပွဲတွင်လည်း အကြိုဖိုင်နယ်ပွဲသို့ ရောက်ရှိခဲ့ပြီးနောက် ယခင် ကမ္ဘာ့အဆင့် ၅၂တွင် ရှိနေရာမှ အဆင့် ၄၈သို့ တက်သွားခဲ့ခြင်း ဖြစ်သည်။ (အင်တာနက်)

ချစ်စိုးနိုင်စုစည်းရေးသားသည်

ပို့စ်မောက်အား ဆွစ်ဘဏ္ဍာရေးအဖွဲ့က လွှဲယူရန်ကမ်းလှမ်း အသင်းဘုတ်အဖွဲ့က ငြင်းဆိုခဲ့

လန်ဒန် ဖေဖော်ဝါရီ ၂၄

ပို့စ်မောက်အသင်းအား ဆွစ်ဇာလန် ဘဏ္ဍာရေးအုပ်စုက လွှဲပြောင်းရယူလိုမှုကို ပို့စ်မောက်က ငြင်းဆန်လိုက်သည်။ စပါးကစားသမားဟောင်း ရာမွန်ဗီကာ ဦးဆောင်နေသော ဗွီအက်စ်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီမှ ပို့စ်မောက်အသင်းကို လွှဲပြောင်းရယူရန် ကမ်းလှမ်းခဲ့ကြောင်း၊ သို့သော်လည်း အသင်းဘုတ်အဖွဲ့က လက်မခံနိုင်ဟု ငြင်းဆိုခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သီရိကွန်ဒိုနေ
ဦးတင်အေး (R/O)N.I.S(Norwegian International Shipping, Norway)-
ဒေါ်ဆန်းရှိုင်း တို့၏ သားငယ်
မောင်ဇေယျာမင်းအေး @ ဇေဇေ B.A (Myanmar)
နှင့်
ရန်ကုန်မြို့ ကမ္ဘာအေးဗီလာနေ
ဗိုလ်မှူးကြီးတင်ထွဋ်(ငြိမ်း)
ဥက္ကဋ္ဌ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်း)-
ဒေါက်တာဒေါ်ခင်ဝင်းရီ တို့၏ သမီးငယ်
မမိုမိုဝင်းထွဋ် @ မိုမို B.A (English) Hons;

တို့၏ ၂၁-၂-၂၀၀၉ ရက် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော လက်ထပ်ထိမ်းမြားမင်္ဂလာပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ဆင်မြန်းပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ လုပ်ငန်းရှင်ကြီးများနှင့်ဇနီးများ၊ အနုပညာမောင်နှမများ၊ နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်ဇနီးအားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများနှင့် အနုပညာ မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဘိသိက် အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်းအားလည်းကောင်း၊ မင်္ဂလာတေးသီချင်း တီးခတ်ပေးပါသော THEACES BAND ဖြင့် မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်နှင့် မေတ္တာဖြင့် သီဆိုဖျော်ဖြေပေးသော တေးသံရှင်ညီအစ်ကို မောင်နှမများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသောမပုလဲဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မသီရိဆွေ၊ မင်္ဂလာလက်စွပ် သယ်ဆောင်ပေးပါသော မအေရီယယ်လ်သုတ၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးပါသော ကိုရဲတိုက်နှင့် ကိုဇေယျ၊ သတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော မအေးမြတ်သူနှင့် မပိုင်းစုခိုင်သိန်းတို့အားလည်းကောင်း၊ မေတ္တာဖြင့် သတို့သမီး ဝတ်စုံနှင့် အရံဝတ်စုံစီစဉ်ပေးသော ဒီဇိုင်နာပြည်စိုးအောင်၊ မေတ္တာဖြင့် မိတ်ကပ်ဆံပင် အလှပြုပြင်ပေးပါသော မိတ်ကပ်ခင်စန်းဝင်း(မကြီးစန်း)နှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော Hall mark မှ ဒေါ်သက်ထားဆွေအားလည်းကောင်း၊ ပန်းအလှများ လက်ဆောင်ပေး၍ ကိုယ်တိုင်ပန်းအလှပြင်ပေးပါသော မနီလာနှင့် သူငယ်ချင်းများ၊ မေတ္တာဖြင့် မင်္ဂလာပွဲစဉ် တစ်လျှောက်လုံးမှတ်တမ်းတင်ပေးသည့်အပြင် မင်္ဂလာပွဲအတွက် လိုအပ်သော ဓာတ်ပုံများ အားလုံးကို ရိုက်ကူးပေးခဲ့သော ကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မေတ္တာဖြင့် မင်္ဂလာဖိတ်စာနှင့် ဓာတ်ပုံများအားလုံးကို ဒီဇိုင်းဆွဲပေးပါသော ကိုဉာဏ်ဝင့်အားလည်းကောင်း၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးသော "ထူး"ပုံနှိပ်တိုက်မှ ကိုဉာဏ်ဝင့်နှင့် မမီးအားလည်းကောင်း၊ မေတ္တာဖြင့် Vinyl Board ပြုလုပ်ပေးသော Idea မှ ကိုအောင်ကျော်ဦးနှင့် မဂီ၊ တက်ရောက် ချီးမြှင့်ပေးပါသော စာနယ်ဇင်းမှ မိတ်ဆွေများ၊ ဧည့်ခံကြိုဆိုရေးအဖြစ် ကူညီပေးကြသော သူငယ်ချင်းများ၊ Sedona Hotel မှ မစန္ဒာနှင့်မလီ၊ မင်္ဂလာ အခမ်းအနား အောင်မြင်ပြီးမြောက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများ အားလုံးတို့ကိုလည်းကောင်း အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဇေဇေ-မိုမို။

လုပ်ငန်းစွမ်းရည်မြှင့် မွမ်းမံသင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းမှ နည်းပြများ၊ ဒုတိယနည်းပြများနှင့် ရုံးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းရည်မြှင့် အထူးမွမ်းမံသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက်က တိုက်ကြီးမြို့ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွန်းနီတက်ရောက်၍ အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ၂ရက်က ကြံခင်းမြို့နယ် မီးသတ်စခန်းရုံးခန်းတွင် မီးသတ်တပ်ဖွဲ့သို့ အလှူရှင်များက မီးကာအင်္ကျီ၊ ဘက်ထရီအိုး၊ အသံချဲ့စက်နှင့် ယာဉ်စက်များ ကြံ့ခိုင်ရေးအတွက် ပစ္စည်းများလှူဒါန်းရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဝင်းက လက်ခံယူပြီး မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စခန်းရှေ့တွင် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသကြစဉ်။ (မြို့နယ်စည်ပင်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး
တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံးတွင် ဂါလန်၁၀၀၀၀ဆံ့ သံကူကွန်ကရစ် အုတ်ရေကန်နှစ်လုံးနှင့် ရေကျော်ဆောက်လုပ်ရန်အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ်(၂၁) နေပြည်တော်တွင် ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့်တန်ဖိုးကို (B.Q) နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ တင်ဒါပုံစံများကို ၂၆-၂-၂၀၀၉ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ချိပ်ပိတ်တင်ဒါများကို ၆-၃-၂၀၀၉ရက် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှ လိုက်နာရန် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ငွေစာရင်းဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (ဝန်ကြီးရုံး)
ရုံးအမှတ်(၂၁)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၄၄၅၅၊ ၀၆၇-၄၀၄၁၈၁၊ ၀၆၇-၄၀၄၄၅၉။

ပျောက်ဆုံးခြင်း

ကျွန်မ မခင်စန္ဒီဝင်း၏ နိုင်ငံကူးလက်မှတ် အမှတ် ၈၃၇၆၃၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း- ၀၉-၅၁-၀၅၆၂၄။**



လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုခြင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့၊ စကြာမင်း အရိုးကြီးပေါင်းရောဂါအထူးကုဆေးခန်းနှင့် ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းမှ ကျောင်းအကျိုးတော်ဆောင်နာယက မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီး ဆရာမြင့်အား ၈-၂-၂၀၀၉ ရက်တွင် India နိုင်ငံ Kolkata မြို့၌ကျင်းပသော 32nd Annual International Oriental Heritage Conference and Convocation တက်ရောက်၍ Indigenous and Spondylosis ဖြင့် Indian Institute of Oriental Heritage မှ Hony (Ph.D) (Ayurvedic Medicines) ပါရဂူဒေါက်တာဘွဲ့နှင့် ၄င်း Conference တွင် Astrological Research Project မှ ရွေးချယ်ပေးအပ်သော Mother Teresa Award ဆုတံဆိပ်၊ (Gold Medal) ရွှေတံဆိပ်ဆုများကို ပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။

ရွာဦးကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့
ဒဟတ္တန်းကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း။

ချင်းတွင်းအသင်း (ရန်ကုန်)၏ ၂၀၀၉ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးရရှိသော မောင်ပြည့်အာကာကျော်အား အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များပေးအပ်စဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၅ရက်က မိုင်းဖြတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၌ ပြည်နယ်အဆင့် အင်္ဂလိပ်စာ ထူးချွန် ပထမဆု၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ ပန်းချီပြိုင်ပွဲ ပထမဆုနှင့် ပညာရည်ချွန် ပထမဆုရရှိသော တတိယတန်းမှ မောင်အုပ်စိုးခန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရီက ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

အမေရိကန်ပြည်ထောင်စု၏ သမိုင်းဖြစ်စဉ်....

သတင်းအက်ဆေး

အမေရိကန်ပြည်ထောင်စုသည် အမေရိကတိုက် မြောက်ပိုင်းတွင် တည်ရှိသည်။ ဤနိုင်ငံသည် ကမ္ဘာပေါ်တွင် အထင်ရှားဆုံးဖြစ်သော စီးပွားရေးနှင့် စစ်ရေးအင်အားကြီး နိုင်ငံဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ စုစုပေါင်းပြည်တွင်းထွက်ကုန်သည် ကမ္ဘာတစ်ဝန်းလုံး၏ စုစုပေါင်း ပြည်တွင်းထွက်ကုန်၏ လေးပုံတစ်ပုံနီးပါးရှိပြီး ယင်း၏ စစ်သုံးစရိတ်မှာလည်း ကျန်ကမ္ဘာ့စစ်သုံးစရိတ် စုစုပေါင်းပမာဏမျှ များပြားသည်။ ဤနိုင်ငံသည် ဖျော်ဖြေတင်ဆက်မှု၏ အဓိကပေါ်ထွန်းပေါက်ဖွားရာ နေရာလည်း ဖြစ်သည်။ အမေရိကန်ရုပ်မြင်သံကြား၊ ဟောလီးဝုဒ်ရုပ်ရှင်ကားများ၊ ဂျက်ဂီတ၊ စည်းလေးလေးနှင့် လွမ်းဆွေးဖွယ် ဘလူးစ်ဂီတ၊ ရော့ခ်နှင့် စည်းချက်မြန်သည့် ရက်ပ်တေးဂီတတို့မှာ ကမ္ဘာပေါ်၌ ရေပန်းစားသည့် ယဉ်ကျေးမှုအခြေခံများ ဖြစ်သည်။

ဖွဲ့စည်းထူထောင်

ဤနိုင်ငံသည် ဗြိတိသျှအုပ်စိုးမှုမှ ခွဲထွက်သည့် တော်လှန်ရေးတစ်ရပ်မှ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ၁၇၈၇ခုနှစ်တွင် ရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေက ကနဦးကတည်းက ပုံစံမပြောင်းသည့် အာဏာခွဲဝေရေးနှင့်အတူ ပြည်ထောင်စုစနစ်ကို ဖွဲ့စည်းထူထောင်ထားသည်။

၂၀၀၈ခုနှစ် နိုဝင်ဘာလ သမ္မတရွေးကောက်ပွဲတွင် ပထမဆုံး လူမည်းသမ္မတအဖြစ် ဘားရက်အိုဘားမားကို ရွေးချယ်တင်မြှောက်ခြင်းမှာ ဤနိုင်ငံ၏ လောကဓံ အနိမ့်အမြင့်နှင့် တွေ့ကြုံခဲ့ရသည့် လူမျိုးရေးဆက်ဆံမှုသမိုင်းတွင် ပေါ်လွင်သည့် အခါသမယ တစ်ရပ်ဖြစ်သည်။

ကြုံတွေ့

မကြာမီနှစ်များအတွင်းတွင် စီးပွားရေး အထိုက်အလျောက် တိုးတက်သော်လည်း ဆင်းရဲချမ်းသာ ကွာဟမှုက အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေပေသေးသည်။ ထို့ပြင် ၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းက ၁၉၃၀ပြည့်နှစ်များ၌ ကမ္ဘာ့စီးပွားပျက်ကပ်နောက်ပိုင်းတွင် ဤနိုင်ငံအနေဖြင့် အခက်ခဲဆုံး စီးပွားရေး အခြေအနေနှင့် ကြုံတွေ့စေသည်။

ဤနိုင်ငံသမိုင်းကို ပြန်ကြည့်လျှင် ၁၅၆၅ခုနှစ်က လက်ရှိဖလော်ရီဒါ ပြည်နယ်ကို စိန့်ဩဂတ်စတင်းဟူ၍ စပိန်နိုင်ငံသားတို့ ထူထောင်ခြင်းဖြင့် မြောက်အမေရိကတွင် ဥရောပတိုက်သားများ ပထမဆုံး အခြေစိုက် နေထိုင်ကြခြင်း ဖြစ်သည်။ ၁၆၀၇ခုနှစ်တွင် အင်္ဂလိပ်များက ဗာဂျီးနီးယားပြည်နယ် ဂျိမ်းတောင်းကို ထူထောင်ပြီး ဆေးရွက်ကြီးစတင် စိုက်ပျိုးသည်။ ၁၇နှင့် ၁၈ရာစုနှစ်များတွင် ထောင်ပေါင်းများစွာသော အာဖရိက လူမည်းများကို ခေါ်လာပြီး ဝါဂွမ်းနှင့် ဆေးရွက်ကြီးစိုက်ပျိုးရေးတွင် အလုပ်လုပ်ခိုင်းရန် ကျွန်အဖြစ် ရောင်းစားလိုက်သည်။

ထိန်းချုပ်ခွင့်ရ

၁၇၆၃ခုနှစ် ပြင်သစ်-အင်္ဂလိပ် ခုနစ်နှစ်စစ်ပွဲ၌ ဗြိတိန်က အောင်ပွဲခံပြီးနောက် မစ္စစ္စပီမြစ်အထိပါဝင်သည့် နယ်မြေကို ထိန်းချုပ်ခွင့်ရလာသည်။

၁၇၇၄ ခုနှစ်တွင် ဗြိတိန်က ဘော့စတွန်ဆိပ်ကမ်းကို ပိတ်ပြီး မက်ဆာချူးဆက်တွင် တပ်ဖြန့်လိုက်စဉ် ဗြိတိန်ကိုလိုနီတွင် လာရောက်နေထိုင်သူများက အမေရိကတိုက်၏ ပထမဆုံး ကွန်ဂရက်ကို ဖွဲ့စည်းထူထောင်သည်။ ၁၇၇၅ခုနှစ်တွင် အမေရိကန်တော်လှန်ရေး ဆင်နွှဲရန် ဗြိတိန်အုပ်ချုပ်မှုကို တိုက်ဖျက်ချေမှုန်းရေးအတွက် ကြည်းတပ်ကို ဂျော့ဝါရှင်တန်က ဦးဆောင်၍ စတင်လှုပ်ရှားသည်။ ၁၇၇၆ခုနှစ် ဇူလိုင် ၄ရက်တွင် သောမတ်ဂျက်ဖာဆန်၏ အမေရိကန်လွတ်လပ်ရေးကြေညာချက်ကို ကွန်ဂရက်က အတည်ပြုသည်။ လက်အောက်ခံ ကိုလိုနီများက လွတ်လပ်ရေးကြေညာလိုက်သည်။ ၁၇၈၁ ခုနှစ်တွင် ယော့ခ်တောင်း စစ်ပွဲ၌ ဗြိတိသျှတို့အပေါ် အနိုင်ရအောင်ပွဲခံပြီးနောက် သူပုန်ပြည်နယ်များက ခွဲထွက်ပြည်ထောင်စု ဖွဲ့စည်းသည်။

တင်မြှောက်

၁၇၈၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲပြီး ၁၇၈၈ခုနှစ်တွင် အတည်ပြုသည်။ ၁၇၈၉ခုနှစ်တွင် ဂျော့ဝါရှင်တန်ကို ပထမဆုံးသမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

၁၈၀၃ခုနှစ်တွင် ပြင်သစ်က လူဝီစီယားနားနယ်မြေများကို အမေရိကန်ပြည်ထောင်စုသို့ ရောင်းလိုက်သည်။ ၁၈၄၆-၄၈ခုနှစ်တွင် မက္ကဆီကိုစစ်ပွဲအပြီး အမေရိကန်က ကယ်လီဖိုးနီးယား၊ နယူးမက္ကဆီကိုအပါအဝင် နယ်မြေအများအပြား ရရှိလိုက်သည်။

လုပ်ကြံခံရ

၁၈၅၄ခုနှစ်တွင် ကျွန်စနစ်ကို ဆန့်ကျင်သူ ဖျက်သိမ်းရေးဝါဒီများက ရီပတ်ဘလီကင်ပါတီကို ထူထောင်သည်။ ၁၈၆၀ ပြည့်နှစ်တွင် ရီပတ်ဘလီကင်ပါတီဝင် အေဘရာဟင်လင်ကွန်းအား သမ္မတအဖြစ်ရွေးချယ် တင်မြှောက်သည်။ ၁၈၆၀-၆၁ခုနှစ်တွင် ကျွန်စနစ်လိုလားသည့် တောင်ပိုင်း (၁၁)ပြည်နယ်က ပြည်ထောင်စုမှ ခွဲထွက်ပြီးနောက် ပြည်တွင်းစစ် ဖြစ်သည်။ တောင်ပိုင်းပြည်နယ်များမှ ကျွန်များ လွတ်မြောက်ကြောင်း သမ္မတလင်ကွန်းက ၁၈၆၃ ခုနှစ်တွင် လွတ်မြောက်ရေး ကြေညာချက် ထုတ်ပြန်သည်။ ၁၈၆၅ခုနှစ်တွင် သမ္မတလင်ကွန်း လုပ်ကြံခံရသည်။

စပိန်နှင့် အမေရိကန်စစ်ပွဲအပြီး ၁၈၉၈ခုနှစ်တွင် အမေရိကန်က ပွာတိုရီကို၊ ဂူအမ်၊ ဖိလစ်ပိုင်နှင့် ကျူးဘားကိုရရှိလိုက်သည်။ အမေရိကန်က ဟာဝိုင်ယီကို တိုက်ရိုက် သိမ်းယူသည်။

အလုပ်လက်မဲ့

၁၉၂၀ပြည့်နှစ်တွင် အမျိုးသမီးများ မဲပေးခွင့်ရသည်။ ၁၉၂၉-၃၀ပြည့်နှစ် ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြောင့် ၁၉၂၉-၃၃ ခုနှစ်တွင် ပြည်သူ ၁၃သန်း အလုပ်လက်မဲ့ ဖြစ်ကုန်သည်။

၁၉၄၁ခုနှစ်တွင် ဟာဝိုင်ယီရှိ ပုလဲဆိပ်ကမ်းမှ အမေရိကန်ရေတပ် သင်္ဘောများကို ဂျပန်လေတပ်က ဗုံးကြဲချသည်။ ဂျပန်ကိုစစ်ကြေညာကာ ဒုတိယကမ္ဘာစစ်အတွင်း ပါဝင်သည်။ ၁၉၄၅ခုနှစ်တွင် အမေရိကန်က ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါစကီမြို့တို့ကို အဏုမြူဗုံးများ ကြဲချသည်။ ဂျပန်တို့ လက်နက်ချသည်။

စစ်အေးတိုက်ပွဲ

၁၉၄၇ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့ စစ်အေးတိုက်ပွဲ စတင်သည်။

၁၉၆၀ပြည့်နှစ်တွင် ဒီမိုကရက်တစ်ပါတီဝင် ဂျွန်အက်ဖ်ကနေဒီ သမ္မတအဖြစ် အရွေးခံရသည်။ ၁၉၆၃ ခုနှစ်တွင် လုပ်ကြံခံရ၏။ ၁၉၆၂ ခုနှစ်တွင် ကျူးဘားဒုံးပျံအရေးအခင်း ပေါ်ပေါက်သည်။ ၁၉၆၈ခုနှစ်တွင် လူမည်း လူ့အခွင့်အရေး ခေါင်းဆောင် မာတင်လူသာကင်း လုပ်ကြံခံရသည်။ ၁၉၇၆ ခုနှစ်တွင် ဒီမိုကရက်တစ် ပါတီမှ ဂျင်မီကာတာ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၈၀ ပြည့်နှစ်တွင် ရီပတ်ဘလီကင် ပါတီမှ ရော်နယ်ရေဂင် သမ္မတအဖြစ် ရွေးချယ်ခံရပြီး ၁၉၈၄ ခုနှစ်တွင် ပြန်လည် ရွေးချယ်ခံရသည်။ ၁၉၈၈ခုနှစ်တွင် ဂျော့ဘုရှ် သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၉၂ခုနှစ်တွင် ဒီမိုကရက်တစ်ပါတီမှ ဘီလ်ကလင်တန် သမ္မတအဖြစ် ရွေးချယ်ခံရပြီး ၁၉၉၆ ခုနှစ်တွင် ပြန်လည်ရွေးချယ်ခံရသည်။

ရာထူးလက်ခံ

၂၀၀၁ခုနှစ်တွင် ဂျော့ချ်ဒဗလျူဘုရှ် သမ္မတအဖြစ် ရွေးချယ်ခံရပြီး ၂၀၀၄ ခုနှစ် နိုဝင်ဘာတွင် ပြန်လည် ရွေးချယ်ခံရသည်။ ၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်တွင် အမေရိကန် မြို့ကြီးများ အကြမ်းဖက် တိုက်ခိုက်ခံရသည်။ ၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန် ဦးဆောင်သည့် တပ်များ အီရတ်ကို ဝင်ရောက်သည်။ ၂၀၀၈ခုနှစ် နိုဝင်ဘာ သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ အိုဘားမား သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ဘားရက် အိုဘားမား အမေရိကန်ပြည်ထောင်စု၏ ၄၄ဦးမြောက်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံခဲ့သည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

၂၀၀၈ခုနှစ် နိုဝင်ဘာ သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ အိုဘားမား သမ္မတအဖြစ် ရွေးချယ်ခံရ၊ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၀ရက်တွင် ဘားရက်အိုဘားမား အမေရိကန်ပြည်ထောင်စု၏ ၄၄ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံခဲ့။

အာကာသသိပ္ပံ

အာကာသအတွင်း ဂြိုဟ်များကို လေ့လာရန် ကီလာအာကာသ လေ့လာရေးယာဉ်လွှတ်တင်မည်

ကမ္ဘာဂြိုဟ်နှင့် ဆင်တူသောဂြိုဟ်များကိုလေ့လာရန် နာဆာက ကီလာ အာကာသလေ့လာရေးယာဉ်ကို မကြာမီ လွှတ်တင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

စီစဉ်ထား

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗာရယ်လေတပ် အခြေစိုက်စခန်းမှ အာကာသအတွင်းသို့ လာမည့် မတ် ၅ရက် ည ၁၀နာရီ ၄၈မိနစ်၌ လွှတ်တင်ရန် စီစဉ်ထားသည်။

ပြောကြား

အာကာသအတွင်း ဂြိုဟ်နှင့်ကြယ်တာရာပေါင်းများစွာရှိသည်ဖြစ်ရာ ကီလာ အာကာသ လေ့လာရေးယာဉ် အနေဖြင့် နေဂြိုဟ်ကဲ့သို့ တာရာတစ်သိန်းခန့်ကို စောင့်ကြည့် လေ့လာသွားမည် ဖြစ်ကြောင်း နာဆာက ပြောကြားသည်။

ပေးပို့မည်

ထို့အပြင် ကြယ်တာရာများ၏ အနေအထားပြောင်းလဲမှုနှင့် ဂြိုဟ်များ၏ မျက်နှာပြင်ကို အသေးစိတ်လေ့လာသွားမည်ဖြစ်ပြီး မြေပြင်စခန်းသို့ ထူးခြားသော ပုံရိပ်များကို မပြတ်တမ်း ပေးပို့သွားမည် ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဘဝအမောပြေ

ပြင်ရိုက်ပေးပါ ....

ရုပ်ရှင်ဇာတ်ကားတစ်ကား ဈေးကွက်သို့မဖြန့်မီ အထူးပွဲပြသရာ သရုပ်ဆောင် မင်းသားမင်းသမီးများအားလုံး တက်ရောက် ကြည့်ရှုကြသည်။ ကြည့်ရှုပြီးနောက် ရုံအပြင်သို့ထွက်လာရာ ဒါရိုက်တာက မင်းသားထံ အပြေးအလွှား ရောက်လာပြီး အောက်ပါအတိုင်း မေးမြန်းလေသည်။

ဒါရိုက်တာ။ ။လာကြည့်တဲ့သူတွေကတော့ အရမ်းကောင်းတယ်လို့ ပြောကြတယ်။
မင်းသား ။ ။ကျွန်တော်ကြိုးစားပြီး သရုပ်ဆောင်ခဲ့တာပါ။
ဒါရိုက်တာ။ ။ဒါပေမယ့် တစ်ခုတော့ ဝိုင်းပြီးအကြံပြုကြတယ်။
မင်းသား ။ ။ဘာများလဲဗျာ။
ဒါရိုက်တာ။ ။ပထမဆုံးဇာတ်ဝင်ခန်းကို ပြန်ပြင်ရိုက်စေချင်တယ်လို့ အကြံပေးကြတယ်။
မင်းသား ။ ။ဒါဆိုလည်း ဒါရိုက်တာသဘောပဲ။ ဒါထက်သူတို့က ဘယ်လိုပြန်ရိုက်စေချင်တာလဲ။
ဒါရိုက်တာ။ ။ပထမအခန်းမှာတင် မင်းသားကို အသေသတ်ပစ်လိုက်ပါတဲ့။
မင်းသား ။ ။'ဗျာ'

အင်တာနက်ကျန်းမာရေး

ဗီတာမင်အေနှင့်အာဆင်းနစ်ဓာတ်များ သွေးကင်ဆာဖြစ်ပွားမှုကို ကုသနိုင်

ဗီတာမင်အေနှင့် အာဆင်းနစ်ကို ပေါင်းစပ်ကာ ရရှိလာသောဓာတ်ပစ္စည်းဖြင့် ရိုးတွင်းခြင်ဆီအတွင်းသို့ ထည့်သွင်းကုသခြင်းသည် လူကီးမီးယား ရောဂါ ဖြစ်ပွားမှုကို ဟန့်တားနိုင်စွမ်းရှိကြောင်း တရုတ်သုတေသနပညာရှင်များက ထုတ်ဖော် ပြောကြားသည်။

တိုက်ဖျက်နိုင်စွမ်း

လူကီးမီးယား (သွေးကင်ဆာ)ဖြစ်ပွားနေသောဝေဒနာရှင် ၈၅ဦးတို့အား သုတေသနစမ်းသပ်ခဲ့ရာ သွေးကင်ဆာ ဖြစ်ပွားမှုကို မပြန့်ပွားနိုင်စေကြောင်း၊ အဆိုပါ ဓာတ်ပေါင်းဖြင့် အရိုးကင်ဆာ ဖြစ်ပွားမှုကို တိုက်ဖျက်နိုင်စွမ်းရှိကြောင်း သိရသည်။

ထိန်းချုပ်

ဗီတာမင်အေနှင့် အာဆင်းနစ် ပါဝင်သော ဓာတ်ပေါင်းသည် သွေးအတွင်း ကင်ဆာဆဲလ်များ မပြန့်ပွားနိုင်အောင် ထိန်းချုပ်နိုင်စွမ်းရှိကြောင်း၊ သွေးဖြူဥ များလာမှုကိုလည်း လျော့နည်းစေကြောင်း ၎င်းတို့က ပြောကြားသည်။

သွေးကင်ဆာဖြစ်ပွားစေသော ဆဲလ်များကိုလည်း ယင်းဓာတ်ပေါင်းက ဖယ်ရှားနိုင်အောင် ညွှန်ပြထားခြင်းပင်ဖြစ်သည်။

နိုင်ငံတကာ သတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဟောပြောပွဲ မြောက်ဥက္ကလာပ အထက(၁)၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်း၍ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါကျောင်း ၄၀ါခန်းမ၌ ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြမူက အဖွင့်အမှာစကားပြောကြားပြီး (အပေါ်ပုံ) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က (၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ ဟောပြောပွဲအဖြစ် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေး ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ဆရာကြီး ဦးသန်းထွန်းတင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဟောပြောပွဲသို့ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၂၁၅ဦး တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် သုမာလာလမ်းသစ်ဖွင့်

မြဝတီ ဖေဖော်ဝါရီ ၁၄

(၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် သုမာလာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် အမှတ်(၄) ရပ်ကွက် သုမာလာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူ၊ အမှတ်(၄) ရပ်ကွက် ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါလမ်းကို ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီက ထည့်ဝင်ငွေကျပ် ၉၅၈၈၀၀၀၊ ပြည်သူများက ထည့်ဝင် ငွေကျပ် ၁၂၀၀၂၀၀၀ စုစုပေါင်း ကုန်ကျငွေကျပ် ၂၁၅၉၀၀၀၀ဖြင့် အလျားပေ ၁၇၀၀၊ အကျယ် ၁၄ ပေကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပေါင်မြို့၌ အထွေထွေစကားဝိုင်း ဆွေးနွေး

ပေါင် ဖေဖော်ဝါရီ ၁၀

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပေါင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကျင်းပသော တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် အထွေထွေစကားဝိုင်း ဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ရက် နံနက် ၉ နာရီက ပေါင်မြို့နယ် နတ်ကြီးချောင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဘုရားကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်က ကျင်းပရာ ခရမ်းမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးသောင်းမြင့်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးဆွေးနွေး

မုဒုံ ဖေဖော်ဝါရီ ၁၂

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများ ဆိုင်ရာ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)တို့ ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆက်သွယ်အသိပေးရေးသင်ကြားလေ့ကျင့်မှု အလုပ်ရုံဆွေးနွေးပွဲ အခမ်း အနားကို မွန်ပြည်နယ် မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်း အဝေးခန်းမ၌ ဇန်နဝါရီ ၂၈ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က အဖွင့်အမှာစကား ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန မွန်ပြည်နယ်ဦးစီးမှူး ဒေါက်တာခင်ဇော်က ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)**

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း သင်တန်းသား ၂၅ဦး တက်ရောက်ကြပြီး သင်တန်းကာလ သုံးရက်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သောလမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ဇန်နဝါရီ ၃၁ရက် က ကွင်းဆင်းစစ်ဆေးရာ သာယာကုန်း-ကံကလေး ဂဝံလမ်းဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးထွန်းတင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)



တမူးမြို့၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

တမူး ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်း တမူးမြို့နယ် နန်မွန်းတားကျေးရွာ ပညာအလင်းရောင် စာကြည့် တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၁၁နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းက အမှာစကားပြောကြားပြီး ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမနားထန်က စာကြည့် တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် နန်မွန်းတားကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးလွန်ပေါင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက စာအုပ်၆၆အုပ်၊ အမက(၁)ကျောင်းအုပ်ဆရာကြီးဦးခင်မောင်ရွှေ က စာအုပ် ၂၀၊ ကျူး(စ်)ဓာတ်ပုံတိုက်မှ စာအုပ် ၂၃အုပ်၊ ဘာသာရေးအသင်းတော်များမှ ငွေကျပ် ၂၅၀၀၀ ပေးအပ်လှူဒါန်းကြပြီး မြို့နယ်ဥက္ကဋ္ဌနှင့် စာကြည့်တိုက် ကော်မတီ ဥက္ကဋ္ဌ ဦးလွန်ပေါင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မှုခင်းသတင်း: မိမိဇနီးအား ဓားဖြင့်ခုတ်သတ်ပြီး အဆိပ်သောက်သေမှု မိတ္ထီလာ၌ ဖြစ်ပွား

မိတ္ထီလာ ဖေဖော်ဝါရီ ၁၅

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ညောင်ဦးဖီးကျေးရွာတွင် ဇနီးအား ဓားဖြင့် ခုတ်သတ်ပြီး ယောကျာ်းက ပိုးသတ်ဆေး သောက်ကာသေသွားသည့်လူသတ်မှုတစ်ခု ဖေဖော်ဝါရီ ၃ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဝမ်းတွင်းရဲစခန်း အရှေ့ဘက် ၁၀မိုင်ကွာ ညောင်ဦးဖီးကျေးရွာနေ မောင်တင်(၃၈)နှစ်သည် ဖေဖော်ဝါရီ ၃ရက်က ကျန်းမာရေးမကောင်းဖြစ်နေရာမှ ဇနီးဖြစ်သူ မနွဲ့ရီ (၃၅)နှစ် နှင့် စကားများရန်ဖြစ်ပြီး မောင်တင်သည် အနီးရှိဓားဖြင့် ဇနီးမနွဲ့ရီအား ခုတ်သတ်ရာ မနွဲ့ရီမှာ ဓားဒဏ်ရာဖြင့် နေရာတွင်ပင် သေဆုံးသွားသည်။ မောင်တင်သည် ဇနီးသည်အား ဓားဖြင့်ခုတ်သတ်ပြီး မိမိကိုယ်တိုင်ပိုးသတ်ဆေးသောက်ကာ သေကြောင်းကြံစည်ခဲ့သဖြင့် မနွဲ့ရီ၏ဖခင် ဦးကျော်မြိုင်က တရားလိုပြုလုပ်၍ တိုင်ကြားခဲ့သဖြင့် ဝမ်းတွင်းရဲစခန်းက မောင်တင်အား ရဲစခန်း(ပ) ၂၃/၂၀၀၉၊ ပုဒ်မ ၃၀၂/၃၀၉ ဖြင့် အမှုဖွင့်အရေးယူပြီး မောင်တင်အား ဖမ်းဆီးကာ ဝမ်းတွင်းဆေးရုံသို့ တင်ပို့ထားစဉ် မောင်တင်သည် ပိုးသတ်ဆေးကြောင့် နောက်တစ်နေ့တွင် သေဆုံးသွားသည်။

(ဝ၈၆)

ကညွတ်ကွင်းမြို့၌ ကျေးရွာအုပ်စု ၂၀ ဘောလုံးပြိုင်ပွဲဖွင့်

ကညွတ်ကွင်း ဖေဖော်ဝါရီ ၁၀

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ အားကစားကွင်း၌ ဧရာရွှေဝါကုမ္ပဏီနှင့် မက်(စ်)မြန်မာကုမ္ပဏီတို့၏ ကူညီမှုဖြင့် မြို့မိမြို့ဖများဦးစီးကျင်းပသော ကျေးရွာအုပ်စု ၂၀ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ရက် ညနေ ၃ နာရီ က ကျင်းပသည်။

တက်ရောက်

ယင်းဖွင့်ပွဲတွင် အခမ်းအနားမှူးဖြင့် ဦးညွန့်ဝင်းက ဆောင်ရွက်ပြီး မြို့မိမြို့ဖ ဦးအောင်မြင့်နှင့် ဇာတိကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင်ကျေးရွာဥက္ကဋ္ဌများနှင့် ဘောလုံးအသင်းသားများ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့မိမြို့ဖ ဦးအောင်မြင့် **(ယာပုံ)**က ပထမဆု ကျပ်ခြောက်သိန်း၊ ဒုတိယဆု ကျပ်လေးသိန်း၊ တတိယဆုကျပ်သုံးသိန်းတို့နှင့် ဆုကလပ်ပစ္စည်းများ၊ အကောင်းဆုံးဆု ငါးဆုတို့ကို ချီးမြှင့်မည်ဖြစ်ကြောင်း ရှင်းပြပြီး ကွင်းနောက်ဥက္ကဋ္ဌ ဦးမောင်မောင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကိုတင်ပြကာ ဖွင့်ပွဲတွင်ယှဉ်ပြိုင်မည့် ဘုရားလဟာ ကျေးရွာနှင့် မြင်ပင်ဘောလုံးအသင်းတို့အား မြို့မိမြို့ဖ ဦးအောင်မြင့်က ဘောလုံးကန်၍ ဖွင့်လှစ်ပေးသည်။ **(ဝ၄၆)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သည့် ညောင်ချောင်း-ဇီးခုံကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကိုကိုဦးနှင့်အမှုဆောင်အရာရှိ ဦးသန်းစိုးဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့၌ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်များဖွင့် စာအုပ်၊ စာစောင်၊ ရေဒီယိုနှင့် ငွေပဒေသာပင်များ စိုက်ထူလှူဒါန်း

ကျောက်ဆည် ဖေဖော်ဝါရီ ၁၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကုလားကျောင်းကျေးရွာအုပ်စုရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်များဖွင့်ပွဲ၊ စာအုပ်၊ စာစောင်၊ ရေဒီယိုနှင့်ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၇ရက် နံနက် ၉နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေနှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြိုင်၊ အဖွဲ့ဝင်ဦးညွန့်စိန်နှင့် အဖွဲ့ဝင် ဦးဖိုးစွန်းတို့က ကုလားကျောင်းကျေးရွာ လင်းကမ္ဘာစာကြည့်တိုက်၊ အရှေ့ရွာနန်းကျေးရွာ နန်းတော်ဝင်စာကြည့်တိုက်နှင့် ရှမ်းရွာကြီးကျေးရွာ ပညာ့အားမာန်စာကြည့်တိုက် အဆောက်အအုံသစ်များကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

ထို့နောက် စာအုပ်၊ စာစောင်၊ ရေဒီယိုနှင့်ငွေပဒေသာပင် စိုက်ထူပွဲကို ရှမ်းရွာကြီး ကျေးရွာရှိ ပုဂံကျောင်းမြှောရုံ၌ ဆက်လက်ကျင်းပရာ အုပ်စုဥက္ကဋ္ဌ ဦးသန်းမြိုင်-ဒေါ်ဝင်းဝင်းက ကုလားကျောင်းကျေးရွာ လင်းကမ္ဘာစာကြည့်တိုက်သို့ လည်းကောင်း၊ ဦးကျော်သိန်းက တောင်ပလုကျေးရွာ အနန္တမေတ္တာစာကြည့်တိုက်သို့လည်းကောင်း၊ ဦးညွန့်စိန်က အရှေ့ရွာ နန်းကျေးရွာနန်းတော်ဝင်စာကြည့်တိုက်သို့လည်းကောင်း၊ ဦးဖိုးစွန်း-ဒေါ်ယဉ်တို့က ရှမ်းရွာကြီးကျေးရွာ ပညာ့အားမာန်စာကြည့်တိုက်သို့ လည်းကောင်း ငွေကျပ် ၁၅၀၀၀တန်ဖိုးရှိ ရေဒီယိုကက်ဆက် တစ်လုံးစီနှင့် ငွေပဒေသာပင် ငွေကျပ်၁၀၀၀၀၀ စိုက်ထူလှူဒါန်းကြရာ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လည်းကောင်း**(အပေါ်ပုံ)**၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသည့် အသင့်ချုပ်ပြီး နေ့စဉ်ထုတ်ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာများနှင့် ငွေကျပ် ၁၀၀၀၀တန်ဖိုးရှိ သုတရသမဂ္ဂဇင်း စာအုပ်မျိုးစုံကိုလည်းကောင်း၊ အလှူရှင်ဒေါ်ချိုချိုက ငွေကျပ် ၁၅၀၀၀တန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံ ၃၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတို့က လက်ခံယူကြသည်။ **(ခရိုင် ပြန်/ဆက်)**

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် ဖိုးပေါက်ကန်ကျေးရွာနှင့်ရွာသာကျေးရွာချင်းဆက် မြေသားလမ်းဆောင်ရွက်မှုကို ဇန်နဝါရီ ၂၂ရက်က အမှုဆောင်အရာရှိဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူးဦးဝင်းမြင့်တို့ ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းထွေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက်ရှိအမှတ်(၂)ဈေးကြီး အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး အတွက် ဇာတ်တိုက် လေ့ကျင့်ရေး အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် နံနက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေကျော်၊ ရပ်ကွက်ဥက္ကဋ္ဌဦးအောင်ကျော်မိုးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းလင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်ဦးစီး)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ စဉ့်ကူး၌ ကျင်းပ

စဉ့်ကူး ဖေဖော်ဝါရီ ၁၆

စဉ့်ကူးမြို့နယ်ဒေသအရန်မီးသတ်တပ်ဖွဲ့မှ နွေရာသီ မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၂ရက် နံနက်က စဉ့်ကူးမြို့(၁)ရပ်ကွက်နှင့် (၂)ရပ်ကွက်တို့တွင် မြို့နယ်ဒေသအရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးမောင်ကြီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် မြို့ပေါ်စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များ၊ ဈေးဆိုင်များနှင့် အိမ်များတွင် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ ရေပုံးနှင့် လှေကားများ ပြည့်စုံစွာထားရှိခြင်း ရှိ မရှိ၊ မီးများအချိန်နှင့် ကိုက်ညီစွာ စနစ်တကျသုံးစွဲခြင်း ရှိ မရှိနှင့် မီးပေါ့ဆမှုမရှိစေရေးတို့ကို တစ်အိမ်တက်ဆင်း ကြည့်ရှုစစ်ဆေးကာ ပညာပေးဟောပြောဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ကြီးမြို့၌ လက်တူး ရေတွင်းဖွင့်

ကျောက်ကြီး ဖေဖော်ဝါရီ ၁၈

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးခဲ့သော လက်တူးရေတွင်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက သိမ်တန်းရပ်ကွက် စေးဒေးမောဒေးလမ်း အောင်ဗလကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မခုနစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကိုကိုလေးတို့က လက်တူးရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အောက်ပုံ)** အမှုဆောင်အရာရှိက လက်တူးရေတွင်းတူးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လွှဲပြောင်း

ထို့နောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်က ငွေကျပ် ၁၃၂၅၀၀၀ တန်ဖိုးရှိ လေးလက်မလက်တူးရေတွင်းနှင့် ငွေစာရင်း ရှင်းတမ်းများကို သိမ်တန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုမင်းအား လွှဲပြောင်းပေးအပ်သည်။ (ဝ၄၅)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်သော သထုံခရိုင်ရှိ ခရိုင်ချင်းဆက်လမ်း ဖောက်လုပ်သည့်နေရာ၌ ဂဝံကျောက်များ စုဆောင်းထားရှိမှုကို ဇန်နဝါရီ၁၅ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကာယဉာဏစွမ်းရည် ဖွံ့ဖြိုးမှုမြှင့်တင်

ရေစကြို ဖေဖော်ဝါရီ ၁၆

(၆၂)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းကလေးငယ်များ၏ ကာယဉာဏစွမ်းရည် ဖွံ့ဖြိုးမှုမြှင့်တင်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြငွေက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအတွက်အလှူငွေကျပ် ငါးသိန်းကို မန္တလေးမြို့နေ အောင်သိဒ္ဓိအမွေးတိုင်ကိုယ်စားလှယ် ဦးမြင့်သိန်း-ဒေါ်နန်းကြူမိသားစုကိုယ်စား ဒေါက်တာတင့်လွင်က ပေးအပ်ရာ မူလတန်းကြိုကျောင်းကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

နမ့်ခမ်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်း၊ အကျိုးတော်ဆောင်အဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဈေးတာဝန်ခံတို့ ဇန်နဝါရီ၂၃ရက်ကမြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းများတွင်မီးဘေးကြိုတင်ကာကွယ်ရေးအတွက်ဆောင်ရွက်မှုကိုကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ချမ်းအေးသာစံတွင် ဆောင်ရွက်

မန္တလေး ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ မန္တလေးငါးမြို့နယ်အတွင်း ရပ်ကွက်များ၊ အလုပ်ရုံ၊ စက်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် မီးဘေးကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှု လိုက်နာမှုရှိမရှိ၊ ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်း၊ မီးသတ်ဥပဒေအရ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၄ရက် နံနက်က မန္တလေးတိုင်းချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက်သို့ ကွင်းဆင်းစစ်ဆေးကြသည်။

ဖြည့်စွက်မှာကြား

ရှေးဦးစွာ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကြည်နှင့်အဖွဲ့အား အိမ်တော်ရာ အရန်မီးသတ်စခန်းရုံးတွင် ရပ်ကွက်အဖွဲ့ဝင် (၁)ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးအေးကို၊အိမ်တော်ရာ မီးသတ်စခန်းတာဝန်ခံ ဒုတိယတပ်ခွဲမှူး မြင့်အောင်နှင့်တပ်ဖွဲ့ဝင်များတွေ့ဆုံရာ ရပ်ကွက်အဖွဲ့ဝင်(၁) ဦးအောင်ကျော်မိုး၊ တပ်ခွဲမှူးအေးကို၊ ဒုတိယတပ်ခွဲမှူးမြင့်အောင်တို့က ရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံချက်ရေးဆွဲဆောင်ရွက်ထားမှုများ၊ မီးသတ်ရေငုပ် (၁၄)ရေရရှိမှု၊ မီးသတ်ရေလှောင်ကန်ရေရရှိမှု၊ ပညာပေးဆောင်ရွက်မှုများ၊ စစ်ဆေးဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ကြည်၊ ခရိုင်မီးသတ်ဦးစီး အရာရှိ ဦးကျော်နိုင်မိုးတို့က လိုအပ်သည်များ ဖြည့်စွက် မှာကြားသည်။ (ဝ၉ဝ)

ပဲခူး ကမာနတ်မှ သန်လျင်၊ သန်လျင်မှ သာကေတ စုစုပေါင်း ၆၈ မိုင်ကျော်ကို ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းကြိုးဆွဲလုပ်ငန်း ပဲခူးမြစ်ဖြတ်ဆောင်ရွက်နေ

လုပ်ငန်းပြီးစီးပါက စက်မှုဇုန်များနှင့် ရန်ကုန်ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားတိုးမြှင့်ပို့လွှတ် ဖြန့်ဖြူးသွားမည်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ခရမ်းစိုးမြင့် ❖ စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူများ နှစ်စဉ်တိုးတက်သုံးစွဲလျက်ရှိသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေအားလျှပ်စစ်စက်ရုံ တစ်ရုံပြီးတစ်ရုံ တိုးချဲ့တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

သို့သော် ယခုအခါ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့် မြင့်မားလာပြီး စက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်ကြီးများ၊ အဆင့်မြင့် အိမ်ရာများ၊ အီလက်ထရွန်နစ်ပစ္စည်းများ သုံးစွဲမှုများပြားလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည်လည်း တိုးတက်များပြားလျက်ရှိသည်။

ပဲခူးမြစ်ဖြတ်

ရန်ကုန်၏ ဓာတ်အားလိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိနေသည့် ပဲခူး ကမာနတ်မှ သန်လျင်၊ သန်လျင်မှ သာကေတ ၆၈ ဒသမ ၃၇ မိုင်ရှိ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း စီမံကိန်းမှ ပဲခူးမြစ်ဖြတ်၍ သန်လျင်မှ သာကေတသို့ ဓာတ်အားကြိုးဆွဲလုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ပြည်သူများသို့ သတင်းဆောင်းပါး အသိပေးတင်ပြနိုင်ရန် စာရေးသူသည် ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါစီမံကိန်းသို့ သွားရောက်ခဲ့သည်။ စာမျက်နှာ ၃ ကော်လံ ၁ ●

ပဲခူး ကမာနတ်မှ သန်လျင်၊ သန်လျင်မှ သာကေတ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်းတွင် ပါဝင်သည့် ပဲခူးမြစ်ဖြတ် တာဝါတိုင် မဟာဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်းခွင်ကို ဖေဖော်ဝါရီ ၁၉ ရက်က ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)



တာဝါတိုင်ထိပ်ဖျားပေါ်က လျှပ်စစ်လုပ်သားတို့၏ လုပ်ငန်းခွင်ကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်၊
(ခ) မီးထွန်းညှိ ပူဇော်သုံးစွဲနေရင်း အိပ်စက်ခြင်းလုံးဝ (လုံးဝ) မပြုလုပ်ရန်၊
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

ကမ္ဘာဂြိုဟ်သို့ ချဉ်းကပ်လာနေသော ကြယ်တံခွန်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

ကမ္ဘာဂြိုဟ်အနီးသို့ ဦးတည်ကာ ကြယ်တံခွန်တစ်ခု အလွန်လျင်မြန်သောနှုန်းဖြင့် ရွေ့လျားလာနေကြောင်း အမေရိကန် အာကာသသုတေသန ပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

မြင်တွေ့ရနိုင်

လက်ရှိနှုန်းအတိုင်း ရွေ့လျားလာပါက ဖေဖော်ဝါရီ ၂၄ ရက်၌ ကမ္ဘာဂြိုဟ်၏ အနီးကပ်ဆုံးနေရာသို့ အဆိုပါကြယ်တံခွန် ရွေ့လျားရောက်ရှိလာမည်ဖြစ်ပြီး ထိုအချိန်တွင် လူတို့၏ မျက်စိဖြင့်ပင် မြင်တွေ့ရနိုင်သည့် အနေအထားသို့ ရောက်ရှိလာမည်ဖြစ်သည်ဟု အမေရိကန်အာကာသ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၄ ✻



ပူတာအိုခရိုင်မှ ရွှေထွက်ရာ နမ့်ခမ်းချောင်းဆီသို့



ခရီးသွားသုတမှတ်စု
မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု
ဝင်းချို (မြန်မာ့အလင်း)

ပူတာအို ဖေဖော်ဝါရီ ၂၄

ပူတာအိုမြို့မှအထွက် နှင်းကွဲစပြုပြီ။ နေရောင်ခြည် တဖြည်းဖြည်း ယှက်သန်းလာသည်နှင့်အမျှ ခန္တီးလွင်ပြင်ကို ဝန်းရံနေသော တောင်တန်းပြာများကို ထင်ရှားစွာ မြင်တွေ့ရသည်။ နှင်းပဝါကိုခွာချလိုက်သည့် သဘာဝပန်းချီကားတစ်ချပ်နှယ်....။

နမ့်ခမ်းချောင်း၌ ရွှေထွက်သည်ဟူသော သတင်းကြောင့် ကိုယ်တိုင်လေ့လာနိုင်ရန် ပူတာအိုမြို့မှ နံနက်စောစော ခရီးထွက်ခဲ့ခြင်း ဖြစ်သည်။ စာမျက်နှာ ၇ ကော်လံ ၁ ■